MFN
MYANMAR FUTURE NEWS
Vol: 47 | DECEMBER 2024



ထိန်းကျောင်းမှုတွေနဲ့ လုပ်သက်ကိုင်ဘာရွေ့တစ်ခုပြစ်ဖို့ ရွှေလုပ်ငန်းရှင်တို့မျှော်လင့်

တာဝန်ယူစီစဉ်သူ
Myanmar Future News Magazine

အထွေထွေမန်နေဂျာ၊ ဒု – အယ်ဒီတာချုပ်
မေသက်ထွန်း

အမှုဆောင်အယ်ဒီတာ
ကောင်းမြတ်ကျော်

အယ်ဒီတာနှင့်သတင်းအမဲ့
ဆုမြတ်မွန်၊ဟန်ဘိုလင်း၊ထူးအောင်၊နေကျော်ဇံ

မျက်နှာဖုံးနှင့်စာမျက်နှာအပြင်အဆင်
မင်းချမ်းငြိမ်း၊ဇော်မျိုးထွန်း

စာစစ်အမဲ့
ရှုဟုန်၊မိုမိုလင်း၊နော်အယ်ကမွီးဟော

ဆက်သွယ်ရန်
အမှတ်(၂–ဘီ)၊ခတ္တာလမ်း၊
သီရိဒေဝီရပ်ကွက်၊စမ်းချောင်းမြို့နယ်။

တန်ဖိုး
၂၅၀၀ကျပ်

မှတ်ပုံတင်အမှတ်
၀၂၀၇၀

ထုတ်ဝေသူ
ဒေါ်ချိုသက်ထွန်း

ပုံနှိပ်သူအမှတ်
၀၁၄၆၈

ပုံနှိပ်သူ
ဦးစိုးထိုက်
(ဟိန်းထက်အောင်ပုံနှိပ်လုပ်ငန်း)

လိပ်စာ
အမှတ်၉၄(က)၊တာ၀တီသာလမ်း၊
(၅)ရပ်ကွက်၊ပုဇွန်တောင်မြို့နယ်၊

CULTURE

Page 5 - 6 /

၂၀၂၄ခုနှစ်တရုတ်–မြန်မာယဉ်ကျေးမှုဖလှယ်ရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကျင်းပြီ၌ကျင်းပ



SPECIAL REPORT

Page 7- 8 /

Thanksgiving Special: အရည်အသွေးပိုင်း အာမခံပြီး အိမ်အတွက် အကောင်းဆုံး လုပ်ဆောင်မယ့် River Front Garden



CONTENTS

PHOTO STORY



ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၊ လူမျိုးအသီးသီးတို့မှာ နှစ်ကာလရာထောင်ချီစွာ တန်ဖိုးထားထိန်းသိမ်းလာတဲ့ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ၊ ပွဲတော်များ၊ အဆောက်အအုံများ စသည်ဖြင့် ရှိကြပါတယ်။ မြန်မာနိုင်ငံမှာလည်း နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပလာမြဲဖြစ်တဲ့ ရိုးရာနှစ်သစ်ကူး သင်္ကြန်ပွဲတော်ကို ပုဂံခေတ်မှ ယနေ့ခေတ်ထိ ယဉ်ကျေးမှုမပျက် ထိန်းသိမ်းစောင့်ရှောက်လာတာဖြစ်ပါတယ်။

ဒါကြောင့် မြန်မာနိုင်ငံအနေဖြင့် မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အသိအမှတ်ပြုခံရဖို့အတွက် ကုန်ခဲ့တဲ့ ၂၀၂၃ ခုနှစ် မတ်လအတွင်းက ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (United Nations Educational, Scientific and Cultural Organization– UNESCO)မှာ လျှောက်ထားခဲ့ပါတယ်။

UNESCO အနေနဲ့ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအား အသိအမှတ်ပြုရာမှာ လူသားမျိုးနွယ်ကို ကိုယ်စားပြုသော ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity)နှင့် အရေးပေါ်ကာကွယ်စောင့်ရှောက်ရန်လိုအပ်သော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များစာရင်း(List of Intangible Cultural Heritage List in need of Urgent Safeguarding) ဟူ၍ ၂ မျိုးခွဲခြားပြီး စိစစ်လက်ခံသတ်မှတ်ပေးနေတာဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် နိုဝင်ဘာလဆန်းပိုင်းက မြန်မာ့ရိုးရာ သင်္ကြန်ပွဲတော်ဟာ UNESCO ရဲ့ လူသားမျိုးနွယ်ကို ကိုယ်စားပြုသော ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း (Representative List of the Intangible Cultural Heritage of Humanity)အတွက် အဆိုပြုစာမှာ ပါဝင်လာပြီး အဆိုပါ ထည့်သွင်းဖော်ပြထားတဲ့ အဆိုပြုစာတွဲများကို ဒီဇင်ဘာ ၂ ရက်မှ ၇ ရက်နေ့အထိ ပါရာဂွေးနိုင်ငံ၊ အာဆွန်စီယွန်ပြို့၌ ကျင်းပပြုလုပ်မည့် (၁၉) ကြိမ်မြောက် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ညီလာခံတွင် တရားဝင် ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။

ထိုကဲ့သို့ ထုံးတမ်းအစဉ်အလာမပြတ် ကျင်းပမြဲဖြစ်တဲ့ မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကို မြန်မာနိုင်ငံ၏ ပထမဆုံး UNESCO ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် စာရင်းဝင်နိုင်ဖို့အတွက် မြန်မာပြည်သူ တစ်ရပ်လုံးအနေနဲ့ မျှော်လင့်နေကြပါတယ်။

BUSINESS

Page 4 /

လျှပ်စစ်ဓာတ်အား ပိုမိုရရှိဖို့ စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်ပွဲများ



EDUCATION

Page 20 - 21 /

မြန်မာလူငယ်များနှင့် အိမ်နီးချင်းနိုင်ငံများရဲ့ ပညာသင်ဆုများ



MFN Online

ရန်ကုန်မှာ ဂ လကျော်အတွင်း သဘာဝဘေးကြောင့် ကျပ် ၁၃၇ သန်းဝိုးခန့် ပျက်စီးဆုံးရှုံးခဲ့



ရန်ကုန်တိုင်းဒေသကြီးတွင် ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလ (၁၃) ရက်နေ့အထိ ဂ လကျော်ကာလအတွင်း သဘာဝဘေး (၇၆) ကြိမ် ဖြစ်ပွားခဲ့ပြီး သေဆုံးသူ (၉) ဦးအထိ ရှိခဲ့ကာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ကျပ် ၁၃၇ သန်းခန့် ရှိခဲ့ကြောင်း တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ သိရပါတယ်။

မော်လမြိုင်မှာ ဆီဘောက်ဆာကား ၄ နာရီခွဲကြာ မီးလောင်ကျွမ်း၊ ၂၂ ဦး ဒဏ်ရာရ



မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ မော်လမြိုင်-မုဒုံသွား လမ်းမပေါ် ရိုးဂိုးကျေးရွာ လမ်း၀ အနီးရှိ စက်သုံးဆီ အရောင်းဆိုင်တစ်ဆိုင်အတွင်း ဆီဘောက်ဆာကား ၄ နာရီခွဲကြာ မီးလောင်ကျွမ်းမှုကြောင့် စုစုပေါင်း ၂၂ ဦး ထိခိုက် ဒဏ်ရာရရှိခဲ့ပါတယ်။

ဆန် ၂၅ တန်/စပါးတင်း ၂၅၀၀ နှင့်အထက် သိုလှောင်ရုံများ MyRo တွင် မှတ်ပုံတင်ဖို့ အသိပေးထား



ပြည်တွင်းမှာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိတဲ့ ဆန်စပါး သိုလှောင်ရုံ လုပ်ငန်းများအနေဖြင့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်ရန်အလို့ငှာ ဆန်တန်ချိန် ၂၅ နှင့်အထက် သို့မဟုတ် စပါးတင်း ၂၅၀၀ နှင့်အထက် သိုလှောင်ရုံ တစ်မျိုးမျိုးကို ပိုင်ဆိုင်ထားသူများ Myanmar Rice Online (MyRo)တွင် မှတ်ပုံတင်လျှောက်ထားကြဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အသိပေးကြေညာထားပါတယ်။

တစ်နှစ်သက်တမ်းရှိ ဂရုနှင့် ဂရုနံ့ထွက်ပစ္စည်း သယ်ယူပို့ဆောင်ခြင်း လက်မှတ်ထုတ်ပေးမယ်



စွမ်းအင်ဝန်ကြီးဌာန ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအနေဖြင့် လုပ်ငန်းတာဝန်များအရ ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဖြည့်ဆည်းမှု ကွင်းဆက်တစ်ခုလုံးကို စနစ်တကျ ကြီးကြပ်ကွပ်ကဲသွားရန်အတွက် ယင်းပစ္စည်းများကို သယ်ယူပို့ဆောင်ရာတွင် ပိုမိုစနစ်တကျဖြစ်စေရန် ရေနံနှင့်ရေနံထွက်ပစ္စည်း သယ်ယူပို့ဆောင်ခြင်းလက်မှတ်ကို ခွင့်ပြုထုတ်ပေးတာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ဆန်နှင့် ဆန်ကွဲတင်ပို့လိုသော ကုမ္ပဏီအသစ်များကို GACC မှာ မှတ်ပုံတင်ရေး ဘက်လတ် လုပ်ဆောင်ပေးမယ်ဟုဆို



ယခု ၂၀၂၄ ခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့လိုကြောင်း လျှောက်ထားလာသည့် ကုမ္ပဏီအသစ်များကို သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိမရှိ မြန်မာ့ဆန်တင်ပို့နိုင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ စစ်ဆေးလျက်ရှိပြီး တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC)တွင် မှတ်ပုံတင်နိုင်ရေး ဆက်လက်လုပ်ဆောင်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

နစက ဥက္ကဋ္ဌ ၁ရိုးစဉ်အတွင်း ၂ နိုင်ငံအကြား နားလည်မှု စာချွန်လွှာနှင့် သဘောတူစာချုပ် ၇ ခုကို လဲလှယ်ခဲ့ကြ



နစက ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တရုတ်နိုင်ငံဝန်ကြီးချုပ် Mr. Li Qiang နဲ့ တွေ့ဆုံစဉ်မှာ တရုတ်-မြန်မာနှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ် ၇ ခု ကို လဲလှယ်ခဲ့ကြတယ်လို့လည်း သိရပါတယ်။

19 Zones

မြန်မာနိုင်ငံအတွင်း နိုင်ငံတော်အဆင့်အနေနဲ့ တရားဝင်ရပ်တည်လည်ပတ်လုပ်ကိုင်နေတဲ့ စက်မှုဇုန်ပေါင်း ၁၉ ဇုန်ရှိ။

MMK 4,193 Millions

၂၀၂၃ ခုနှစ် ဇူလိုင်လမှ ၂၀၂၄ ခုနှစ် နိုဝင်ဘာလလယ်အထိ မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်တို့မှ နေပြည်တော်အပါအဝင် တိုင်းနှင့်ပြည်နယ် ၉ ခုရှိ ဆီစက်လုပ်ငန်းရှင် ၃၄ ဦးကို ငွေကျပ် ၄,၁၉၃ သန်းအထိ ထုတ်ချေးပေးထား။

US$ 226.081 Millions

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ အောက်တိုဘာလကုန်အထိ (၇) လအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၂၆ ဒသမ ၀၈၁ သန်းကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ခွင့်ပြုပေးခဲ့။

1 Year

မြန်မာနိုင်ငံသို့ လေကြောင်းဖြင့် လာရောက်မည့် ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်နိုင်ငံ၏ မကာအို အထူးအုပ်ချုပ်ရေးဒေသမှ ကမ္ဘာလှည့်ခရီးသည်များအတွက် ဆိုက်ရောက်ဗီဇာ (ကမ္ဘာလှည့်) (Tourist Visa on Arrival)ကို စမ်းသပ်ကာလ ၁ နှစ်ခွင့်ပြုပေးထား။

20 %

မြန်မာနိုင်ငံဟာ အရှေ့တောင်အာရှဒေသတွင် လယ်ယာမြေဟက်တာ ၆၅ သန်းကျော်ရှိပြီး လယ်ယာမြေ အများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်ပေမယ့် စိုက်ပျိုးမြေ၏ ၂၀ ရာခိုင်နှုန်းခန့်သာ စိုက်ပျိုးနိုင်သေး။

500,000 Tons

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ တစ်နှစ်လျှင် မတ်ပဲတန်ချိန် ၂ သိန်းခွဲ တင်ပို့နေရာမှ လာမည့် ၂၀၂၅-၂၆ ဘဏ္ဍာနှစ်တွင် တန်ချိန် ၅ သိန်းအထိ တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်နေ။

6 %

ပြည်တွင်းသို့ နိုင်ငံခြားသား ခရီးသွားဝင်ရောက်မှုဟာ ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ စက်တင်ဘာလအထိ ၉ လတာ ကာလအတွင်း ၈၂၇,၀၀၀ ဦးကျော်ရှိခဲ့ပြီး ယခင်နှစ် ကာလတူဝင်ရောက်မှုထက် ၆ ရာခိုင်နှုန်း လျော့ကျခဲ့။

95%

မြန်မာနိုင်ငံ GDP ၏ ၉၀ ရာခိုင်နှုန်းခန့်ဟာ ပုဂ္ဂလိကကဏ္ဍ၏ ထုတ်လုပ်မှုများဖြစ်သလို နိုင်ငံ့စီးပွားရေးလုပ်ငန်းများ၏ ၉၅ ရာခိုင်နှုန်းသည်လည်း အသေးစား၊ အငယ်စား၊ အလတ်စား ကုန်ထုတ်လုပ်ငန်းများသာဖြစ်။

MMK 2 Lakhs

၂၀၂၄ ခုနှစ် နိုဝင်ဘာလကုန်ပိုင်းမှာ စတင်သည့် ကြံရာသီအသစ်အတွက် ပြည်တွင်းကြံစက်ရုံများမှ ကြံတစ်တန်ကို စက်ရုံအရောက်ဈေးအဖြစ် ကျပ် ၂ သိန်းအထိပေါက်ဈေးပေး၀ယ်။

US$ 0.292 Million

၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်းက မြန်မာ-လာအို နှစ်နိုင်ငံအစိုးရ ပူးပေါင်းဖွင့်လှစ်ခဲ့တဲ့ ကျိုင်းလပ် ကုန်သွယ်ရေး စခန်းအသစ်၌ ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအထိ ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၀ ဒသမ ၂၉၂ သန်းရရှိခဲ့။



၂၀၂၄-၂၅ ဘဏ္ဍာနှစ်အစမှာ တိုးတက်လာတဲ့ ရန်ကုန်စတော့ဘိုင်ချိန်း ဈေးကွက်

၂၀၂၄-၂၅ ဘဏ္ဍာနှစ်အစမှာ စတော့အိပ်ချိန်းဈေးကွက်ဟာ ပြီးခဲ့တဲ့ ၂၀၂၃-၂၄ ဘဏ္ဍာနှစ် Q4 (ဧနခါရီ-မတ်) အချိန်နှင့် နှိုင်းယှဉ်ပါက အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာစောင်ရေလည်း တိုးလာသလို ဈေးကွက်တန်ဖိုးကျပ်သန်းပေါင်း ၁ သိန်း နီးပါးတိုးတက်လာတာကို YSX ရဲ့ တရားဝင်ထုတ်ပြန်ထားတဲ့ အချက်အလက်များအရ သိရပါတယ်။

၂၀၂၃-၂၄ ဘဏ္ဍာနှစ် Q4 နဲ့ နှိုင်းယှဉ်ပါက ယခု ၂၀၂၄ - ၂၅ ဘဏ္ဍာနှစ် Q1 (ဧပြီ-ဇွန်) အချက်အလက်များဟာ စာရင်းဝင် ကုမ္ပဏီအရေအတွက် ၈ ခုဖြင့် တူညီနေသော်လည်း အရောင်းအဝယ်ပြုလုပ်သည့် ရက်ပေါင်းတွင် Q4 ၌ ၆၁ ရက်ရှိပြီး ယခု ဘဏ္ဍာနှစ် Q1 ၌ ၅၆ ရက်သာရှိပါတယ်။

Q4 နဲ့ Q1 ဈေးကွက် တန်းဖိုး စုစုပေါင်း (ကျပ်သန်းပေါင်း) ကို နှိုင်းယှဉ်ပါကလည်း Q4 ၌ ကျပ်သန်းပေါင်း (၆၇၇,၁၀၉) ရှိခဲ့ပေမယ့် Q1 ၌ ကျပ်သန်းပေါင်း (၇၇၆,၆၃၀) ရှိခဲ့ကာ ၁၃ ရာခိုင်နှုန်း တိုးတက်လာတယ်လို့ YSX စာရင်းများအရ သိရပါတယ်။

အရောင်းအဝယ်ဖြစ်မြောက်သည့် ရှယ်ယာစောင်ရေ စုစုပေါင်းအနေဖြင့် Q4 တွင် (၁,၂၃၈,၉၆၇) စောင်ရှိခဲ့ပြီး ယခု Q1 တွင် (၁,၃၇၅,၁၁၀) စောင်ရှိလို့ ရှယ်ယာစောင်ရေ (၁၃၆,၁၄၃) စောင် တိုးလာပါတယ်။

ထို့အတူ အရောင်းအဝယ်ဖြစ်မြောက်သည့် စတော့ရှယ်ယာတန်ဖိုး စုစုပေါင်း ကျပ်သန်းပေါင်း အနေဖြင့် Q4 တုန်းက (၃,၀၃၄) ရှိခဲ့ရာမှ ယခု Q1 တွင် ကျပ်သန်းပေါင်း (၃,၇၃၆) ရှိခဲ့တာကြောင့် ကျပ် (၇၀၂) သန်း တိုးတက်ခဲ့ပါတယ်။ နေ့စဉ်ပျမ်းမျှ အရောင်းအဝယ်ဖြစ်သည့် ရှယ်ယာတန်ဖိုးဟာလည်း Q4 တွင် ကျပ်သန်းပေါင်း (၅၀) ရှိခဲ့ရာမှ ယခု Q1 တွင် ကျပ် (၆၇) သန်း ရှိခဲ့လို့ သိသာစွာ တိုးလာတယ်လို့ သိရပါတယ်။

ယခု YSX တွင်လည်း အများပိုင်ကုမ္ပဏီများ အရင်းအနှီး ဈေးကွက်မှ တစ်ဆင့် အရင်းအနှီးရယူစုစည်းနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်စတော့အိပ်ချိန်းတွင် မူလရှိပြီး စာရင်းဝင်ဈေးကွက်အပြင် နိုင်ငံတကာ စတော့အိပ်ချိန်းများကဲ့သို့ ဒုတိယဈေးကွက်အဖြစ် စာရင်းဝင်အကြို ဈေးကွက် (Pre-Listing Board-PLB) ကို တည်ထောင်ထားရှိပြီးဖြစ်ကာ အဆိုပါ PLB ဈေးကွက်တွင် ပထမဆုံး မှတ်ပုံတင် စာရင်းဝင် ကုမ္ပဏီအဖြစ် မြန်မာ့လယ်ယာထွက်ကုန်နှင့်အထွေထွေဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက် (Myanma Agricultural and General Development Public Co., Ltd - MAGDPL)ဟာ သတ်မှတ်အရည်အချင်းများ ပြည့်မီမှုကြောင့် ဝင်ရောက်ခဲ့ပြီးဖြစ်ပါတယ်။

ဒါကြောင့် လက်ရှိတွင် ရန်ကုန်စတော့အိပ်ချိန်း၌ အစုရှယ်ယာအရောင်းအဝယ်လုပ်သည့်စာရင်းဝင် ကုမ္ပဏီ (၈) ခုနှင့် အကြိုစာရင်းဝင် ကုမ္ပဏီ (၁) ခုအထိ တိုးတက်ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။

လျှပ်စစ်ဓာတ်အား ပိုမိုရရှိဖို့ စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှု ဖိတ်ခေါ်မှုများ

၂၀၂၄ ခုနှစ်အတွင်း လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ဖို့ ရှိရင်းစွဲစက်ရုံများကို အဆင့်မြှင့်တင်ခြင်း၊ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စက်ရုံစီမံကိန်း၊ ရေအားနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်း သဘောတူညီမှုတွေနှင့် လျှပ်စစ်ကဏ္ဍအတွက် ရင်းနှီးမြှုပ်နှံမှုတွေကို ပိုမိုဖိတ်ခေါ်မှုတွေရှိခဲ့ပါတယ်။

လျှပ်စစ်ထုတ်လုပ်ခြင်းအတွက် စီမံကိန်းအသစ်များ ဖော်ဆောင်နေရာတွင် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကညင်ဟိုက်ဒရိုပါဝါကုမ္ပဏီလီမိတက်တို့အကြား “ကညင်ရေအား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စီမံကိန်း” တည်ဆောက်၊ လုပ်ကိုင်၊ လွှဲပြောင်းခြင်းဆိုင်ရာ သဘောတူ (B.O.T) စာချုပ် လက်မှတ်ရေးထိုးထားကာ အဆိုပါ စီမံကိန်းဟာ ကညင်ရေလှောင်တမံမှ သိုလှောင်ထားသည့်ရေများကို အသုံးချ၍ ရေအားလျှပ်စစ် ၁၀ ဒသမ ၅ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရေးဆောင်ရွက်သွားမှာ ဖြစ်သလို ဆိုလာပါဝါစနစ်ဖြင့် ၂၀ မဂ္ဂါဝပ် ထုတ်လုပ်မယ့် စီမံကိန်းလည်း ဖြစ်ပါတယ်။

ထို့အတူ မြောင်းမြမြို့တွင် ၁ ဒသမ ၈ မဂ္ဂါဝပ်ထွက်ရှိမည့် စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စက်ရုံစီမံကိန်းကို ဆောင်ရွက်နေပြီး ဓာတ်အားထုတ်လုပ်ရေး စက်ရုံလည်ပတ်နိုင်ပါက ဧရာဝတီတိုင်းဒေသကြီးအတွင်း မဟာဓာတ်အားလိုင်းစနစ်သို့ ချိတ်ဆက်ဆောင်ရွက်နိုင်မည့် ပထမဆုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံဖြစ်လာမှာဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် New Myanmar Renewable Energy Co.,Ltd. တို့အကြား မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်အတွင်း Hydro နည်းပညာဖြင့် ၃ မဂ္ဂါဝပ် လျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းနှင့် Solar နေရောင်ခြည် စွမ်းအင်သုံး နည်းပညာဖြင့် ၇ ဒသမ ၈ မဂ္ဂါဝပ် လျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းအကောင်အထည် ဖော်ဆောင်ရွက်ရန်အတွက် ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ အကြိုစူးစမ်း လေ့လာမှုလုပ်ငန်းများဆောင်ရွက်ရန် ချုပ်ဆိုသည့် နားလည်မှုမှတ်တမံး Feasibility Study (FS MOU) များအားလည်း လက်မှတ်ရေးထိုးထားပါတယ်။

ဒါ့အပြင် မြန်မာနိုင်ငံအနေဖြင့် ပူပြင်းသည့် ရာသီဥတုရှိသည့်အတွက် နေရောင်ခြည်သုံးဆိုလာစွမ်းအင်ကို အောင်မြင်စွာဆောင်ရွက်နိုင်မှာဖြစ်ပြီး အဆိုပါ ရာသီဥတုပူပြင်းသည့် ဒေသများ၌လာရောက်ရင်းနှီးမြှုပ်နှံမည်ဆိုပါက အောင်မြင်နိုင်မယ်လို့ နိုဝင်ဘာ ၅ ရက်က ကူမင်းမြို့၊ HUALUXE Kunming Hotel ၌ ကျင်းပတဲ့ တရုတ်-မြန်မာရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်များနဲ့ တွေ့ဆုံပွဲမှာ နစကဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့ပါတယ်။



ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်တွင် ရေအားလျှပ်စစ်၊ နေရောင်ခြည်သုံးလျှပ်စစ်၊ လေအားလျှပ်စစ်ဟူ၍ ရှိပြီး တရုတ်နိုင်ငံအနေဖြင့် ရေအားလျှပ်စစ်၊ နေရောင်ခြည်သုံး လျှပ်စစ်ဓာတ်အားတို့ကို အောင်မြင်စွာ ဆောင်ရွက်လျက် ရှိသလို ရေအားလျှပ်စစ်စီမံကိန်းများ ဆောင်ရွက်မည်ဆိုပါကလည်း ယင်းကြောင့် ထိခိုက်နိုင်မည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြေရေး လုပ်ငန်းများကိုလည်း မဖြစ်မနေ ထည့်သွင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုကြောင်းလည်း ၎င်းကပြောကြားခဲ့ပါတယ်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)ရဲ့ စာရင်းများအရမြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ ၂၀၂၄-၂၅ ဘဏ္ဍာနှစ် အောက်တိုဘာ ၁၀ ရက်နေ့အထိ အမေရိကန်ဒေါ်လာ(၈ ဒသမ ၅၀၁) သန်းရှိတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံ၏ လျှပ်စစ်လိုအပ်ချက်မှာ နှစ်စဉ် ၉ ရာခိုင်နှုန်း တိုးတက်သုံးစွဲလျက်ရှိပြီး ၂၀၂၁ ခုနှစ်တွင် တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အား သုံးစွဲသည့် အိမ်ထောင်စုအချို့မှာ ၅၆ ရာခိုင်နှုန်းရှိရာမှ ယခု ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် ၆၈ ရာခိုင်နှုန်းအထိ တိုးတက် သုံးစွဲလာခဲ့တယ်လို့လည်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရပါတယ်။

ထို့ကြောင့် လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးများနှင့် ဓာတ်အားလိုင်းများအဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ခြင်း၊ ဖြုတ်ပြင်ထိန်းသိမ်းခြင်းများကို ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်ပြီး လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ်အလိုက်ထုတ်လုပ်မှုစရိတ်မြင့်မားလာခြင်းကြောင့် ယခု ၂၀၂၄ ခုနှစ် စက်တင်ဘာလ(၁)ရက်နေ့မှစတင်ပြီး မီတာခများကို ပြောင်းလဲကောက်ခံခဲ့တယ်လို့လည်း သိရပါတယ်။

ပြောင်းလဲလိုက်တဲ့ လျှပ်စစ်ဓာတ်အားခနှုန်းထားများအနေဖြင့် အိမ်သုံးများအတွက် သုံးစွဲတဲ့ ယူနစ်အလိုက် ယခင်အများဆုံး ကျပ် ၁၅၅ မှ ယခုကျပ် ၃၀၀ အထိ၊ လုပ်ငန်းသုံးများအတွက် ယခင်အများဆုံး ကျပ် ၁၈၀ မှ ယခုကျပ် ၅၀၀ အထိ ပြင်ဆင်သတ်မှတ်လိုက်တာလည်း ဖြစ်ပါတယ်။

ယခုတစ်ကြိမ် မပြင်ဆင်မီက ဓာတ်အားခနှုန်းထားများ ပြင်ဆင်သတ်မှတ်မှုကို ၂၀၁၉ ခုနှစ် ဇူလိုင် ၁ ရက်နေ့ကလည်း နောက်ဆုံးပြင်ဆင်ထားတာဖြစ်ပါတယ်။



၂၀၂၄ ခုနှစ် တရုတ်-မြန်မာယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ် လှုပ်ရှားမှု အခမ်းအနား ကုမင်းမြို့၌ ကျင်းပ

၂၀၂၄ ခုနှစ် တရုတ်-မြန်မာယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားနှင့် (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်ကို နိုဝင်ဘာလ ၁၁ ရက်မှ ၁၅ ရက်နေ့အထိ တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကုမင်းမြို့၌ကျင်းပခဲ့ကာ အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါတယ်။

၂၀၂၄ ခုနှစ် တရုတ်-အာဆီယံ လူမှုယဉ်ကျေးမှု ဆွေးနွေးဖလှယ်ရေးနှစ်နှင့် ၂၀၂၅ ခုနှစ်တွင် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ် မြောက် နှစ်ပတ်လည်အကြိုလှုပ်ရှားမှုအဖြစ် တရုတ်-မြန်မာနှစ်နိုင်ငံ ကဏ္ဍစုံအကျိုးတူပူးပေါင်း ဆောင်ရွက်မှု နက်ရှိုင်းစွာမြှင့်တင်နိုင်ရန်နှင့် နှစ်နိုင်ငံမီဒီယာပူးပေါင်း ဆောင်ရွက်မှုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ယခုလို ကျင်းပတာဖြစ်ပြီး အဆိုပါ အခမ်းအနားကို နိုဝင်ဘာ ၁၂ ရက်နေ့ မနက်ပိုင်းတွင် တရုတ်နိုင်ငံ ယူနန်ပြည်နယ် မြို့တော် ကုမင်းမြို့ရှိ တျန်ချီစုံ ဖိန်ဗီလာ ဟိုတယ်၌ ကျင်းပခဲ့ပါတယ်။

ယင်းအခမ်းအနားသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၄၁ ဦးနှင့် ပြင်ပ မီဒီယာနှင့် အဖွဲ့အစည်းများမှ အဖွဲ့ဝင် ၇ ဦး၊ စုစုပေါင်း ၄၈ ဦးဖြင့် စုဖွဲ့တက်ရောက်ခဲ့ပြီး တရုတ်နိုင်ငံမှ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ် ပါတီကော်မတီ အမြဲတမ်းကော်မတီဝင်၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး Ms. Zeng Yan နှင့် ဒုတိယဝန်ကြီး ဖုန်ကျွင့်ရန်၊ ယူနန်နေ့စဉ် သတင်းစာ လုပ်ငန်းစု၊ ယူနန်ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း ဝန်ကြီးဌာန၊ ယူနန်ပြည်နယ်မှ တက္ကသိုလ်နှင့် ကောလိပ်များ၊ တယ်ဟုန်ပြည်နယ်ခွဲ၊ လင်ချန်းမြို့၊ ပေါင်ရှန်မြို့၊ နကျန်းပြည်နယ်ခွဲ၊ ဖူအောမြို့၊ စစ်ဆောင်ပန်းနားပြည်နယ်ခွဲ၊ ချူရှုံပြည်နယ်ခွဲတို့မှ ပါတီကော်မတီ ပြန်ကြားရေးဌာနများမှ တာဝန်ရှိသူများ စုစုပေါင်း ၂၀၀ ခန့် တက်ရောက်ခဲ့ကြတယ်လို့ သိရပါတယ်။

အခမ်းအနားဖွင့်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ပြခန်းများခင်းကျင်းပြသရာတွင်လည်း မြန်မာနိုင်ငံ၏ ပုဂံနှင့် ပတ်သက်သည့် ပြခန်းအား ထည့်သွင်း ခင်းကျင်းပြသထားကြောင်း၊ မိမိတို့နိုင်ငံတော်အကြီးအကဲက စိုက်ပျိုးရေးထုတ်ကုန်၊ မွေးမြူရေး ထုတ်ကုန်နှင့် MSME ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ဆောင်ရွက်ရန် လမ်းညွှန်ထားပြီး နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်တွင် ထည့်သွင်း၍ စိုက်ပျိုးရေးကဏ္ဍကို အလေးအနက်ထား ဆောင်ရွက်နေကြောင်း၊ (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်မှ ပြောင်းလဲတိုးတက်လာသည့် ခေတ်မီ နည်းပညာဖြစ်သည့် AI ကဲ့သို့ နည်းပညာကို အသုံးပြုပြီး အဆင့်မြင့်မီဒီယာဖြစ်ထွန်း ပေါ်ပေါက်လာစေရန် အတူတကွလက်တွဲပြီး ပူးပေါင်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်းပြောကြားခဲ့ပါတယ်။

တရုတ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားနှင့် (၄)ကြိမ်မြောက် Twin City မီဒီယာဖိုရမ်၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများက "မှုံရွှေရည် "ယိမ်းအက၊ "စံတော်ချိန်" တီးလုံးအကနှင့် "မလေးလက်ခတ်သံ" တေးသီချင်းသရုပ်ဖော် အကတို့ဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင် ဝန်ထမ်းများက "ပုဂံ" အက၊ "ရုပ်သေးကြိုးဆွဲ" ၊



“ကမျိုးစုံစွာ ပတ်မဆစ်တစ်ရာ” ယိမ်းအကနှင့် “လှမ်းခဲ့ပေါ့ မန္တလာမြေ” ယိမ်းအက တို့ဖြင့် တင်ဆက် ကပြခဲ့ပါတယ်။

ထို့အပြင် အခမ်းအနားဌာန ယူနန်နေ့စဉ် သတင်းစာအဖွဲ့ ပါတီကော်မတီ အတွင်းရေးမှူး သတင်းစာအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဟယ်ဇူးခွင်းနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်တို့က ၂၀၂၄ အွန်လိုင်း New Media မွမ်းမံသင်တန်း ပူးတွဲကျင်းပရေး(LOI) အားလည်းကောင်း၊ ယူနန်ပြည်နယ် YICC အယ်ဒီတာ/ညွှန်ကြားရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝမ်ထင်ရောင်နှင့် ပုံနှိပ်ရေးနှင့် ထုတ်ဝေရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်ထွေးတို့က တရုတ်-မြန်မာစိုက်ပျိုးရေးလုပ်ငန်း အရည်အသွေးသစ် ကုန်ထုတ်စွမ်းအင် တီဗွီ အစီအစဉ်အတူတကွ ဖန်တီးရေး (LOI) ကိုလည်းကောင်း၊ ယူနန်ပြည်နယ် YICC အယ်ဒီတာ/ ညွှန်ကြားရေးကော်မတီဒုတိယဥက္ကဋ္ဌ ဝမ်ထင်ရောင်နှင့် ရွှေဇာမဏီသတင်းစာတိုက်မှ အထွေထွေမန်နေဂျာဒေါ်ချိုသကိထွန်းတို့က“ရွှေဇာမဏီ”တရုတ်ဘာသာသတင်းစာတိုက်မီဒီယာများနှင့် သတင်းကဏ္ဍ ၂၀၂၅ ခုနှစ် ပူးပေါင်းဆောင်ရွက်ရေးအတွက်လည်းကောင်း၊ ယူနန်ပြည်နယ် YICC အယ်ဒီတာ ညွှန်ကြားရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဝမ်ထင်ရောင်နှင့် ဩကာသစာပေမှ တာဝန်ခံ ဦးဟိန်းလတ်တို့က တရုတ်-မြန်မာ နိုင်ငံတကာပြန်ကြားရေးနှင့် ဘာသာပြန်အလုပ်ရုံ ပထမအသုတ် ဂန္ဓဝင်စာပေများ အပြန်အလှန် သာသာပြန်ဆို ထုတ်ဝေရေးစီမံကိန်းအား လည်းကောင်း၊ တယ်ဟုန် ပြည်နယ်ခွဲပါတီ ကော်မတီပြန်ကြားရေးဌာန ဒုတိယဦးစီးမှူး ပြည်နယ်ခွဲအစိုးရ သတင်းရုံးခန်း ဌာနမှူး လီဇုန်းမင်နှင့် မြန်မာ-တရုတ် ယဉ်ကျေးမှုခရီးသွားလုပ်ငန်း တိုးမြှင့်ရေးအသင်း ဥက္ကဋ္ဌ လျီဝေတို့က တရုတ်-မြန်မာ ခရီးသွားထွက်ကုန် မိတ်ဆက်ခြင်း၊ ခရီးသွားပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရေး ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအားလည်းကောင်း LED ပေါ်တွင် လက်ရာတင်၍ စက်ခလုတ်နှိပ်ပြီး လုပ်ငန်းများစတင်၍ ပူးပေါင်းဆောင်ရွက်ကြမှာဖြစ်ကြောင်း ကြေညာခဲ့ကြပါတယ်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဧည့်သည်တော်များနှင့် အကြီးအကဲများက ခင်းကျင်းပြသထားသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ယွန်းထည် လက်မှုပညာပြခန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ မြန်မာနိုင်ငံဆိုင်ရာ သဘာဝရှုခင်းများ၊ ယဉ်ကျေးမှုများ၊ မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဓာတ်ပုံပြခန်းများအပါအဝင် ယူနန်ပြည်နယ်မှ ထုတ်ကုန်များကိုလည်း ကြည့်ရှုခဲ့ကြပါတယ်။

ထို့နေ့ညနေပိုင်းတွင် (၄) ကြိမ်မြောက် Twin City မီဒီယာဖိုရမ်နှင့် “မင်္ဂလာစကားမိတ်ဆက်” ပုံပြင်ပြောခြင်း အစီအစဉ်များလည်း ကျင်းပခဲ့ပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်တဲ့ မြန်မာကိုယ်စားလှယ်အဖွဲ့ဟာ နိုဝင်ဘာ ၁၃ ရက်နေ့မှ စတင်ကာ လေ့လာရေးခရီး သွားရောက်ခဲ့ကြပြီး ချူးရှုံရီလူမျိုး (Chuxiong Yi) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ခွဲသို့ သွားရောက်ကာ “Torch City of China, Flower City of Romance” ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး ယူနန်ခရီးစဉ်လှုပ်ရှားမှုတွင်လည်း ပါဝင်ဆင်နွှဲခဲ့ကြပြီး အဆိုပါဒေသရှိ ခေတ်မီစိုက်ပျိုးရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု၊ ရိလူမျိုး ပန်းထိုးလက်ရာ ဒစ်ဂျစ်တယ်ယဉ်ကျေးမှု ဥယျာဉ် (Yi Embroidery Digital Cultural Industry Park) စသည်တို့ကို သွားရောက်လေ့လာ ကြည့်ရှုခဲ့ကြတယ်လို့ သိရပါတယ်။



Thanksgiving Special:

အရည်အသွေးပိုင်း အာမခံပြီး အိမ်အတွက် အကောင်းဆုံး လုပ်ဆောင်မယ့် River Front Garden

River Front Garden အနေနဲ့ မူလရည်ရွယ်ချက်ဖြစ်တဲ့ အရည်အသွေးကို ကောင်းစွာထိန်းထားခြင်းဟူသော ဆောင်ပုဒ်ကို ကိုင်စွဲပြီး ဆောက်လုပ်ရေးစံချိန်စံညွှန်းများ၊ ပရောဂျက်ဒီဇိုင်းများ၊ အသေးစိတ် ထိန်းချုပ်မှုနှင့် ပတ်ဝန်းကျင်စီမံမှုများကို တင်းကြပ်စွာထိန်းချုပ်ဆောင်ရွက်၍ အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းလျက်ရှိကာ စားသုံးသူများအတွက် လုံခြုံပြီး သက်သောင့်သက်သာရှိသော အိမ်များကို အကောင်အထည် ဖော်သွားမယ်လို့ အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောပါတယ်။

အိမ်ခြံမြေဖွံ့ဖြိုးတိုးတက်မှုသည် စီးပွားရေးလုပ်ငန်း တစ်ခုမျှသာမက မိသားစုတိုင်း၏ အနာဂတ်တစ်ခု၊ စားသုံးသူ၏အိပ်မက်တစ်ခုဖြစ်တာကြောင့် တာဝန်သိစိတ်နှင့် အရည်အသွေးကို စွဲမြဲစွာ လက်ကိုင်ထားမှသာ ဈေးကွက်တွင် အောင်မြင်ခိုင်မာစွာ ရပ်တည်နိုင်ပြီး စားသုံးသူများရဲ့ ရေရှည်ယုံကြည်မှုကို ရရှိနိုင်မယ်ဆိုတာကို အမြဲ ယုံကြည်ထားတယ်လို့လည်း ၎င်းကဆိုပါတယ်။

“တာဝန်ရှိ developer တစ်ယောက် အနေနဲ့ အရှုံးမပေးဘဲ အခက်အခဲအမျိုးမျိုး ကြားက ကြိုးစားအားထုတ်ပြီး မားမားမတ်မတ် ရှေ့ကိုဆက်လက်လျှောက်လှမ်းပြီး “အရည်အသွေး ပထမ၊ တာဝန်ယူမှု ပထမ” ဆိုတဲ့ သဘောတရားကို အမြဲလိုက်နာသွားမှာဖြစ်ပါတယ်။ စိန်ခေါ်မှုတွေကို ရင်ဆိုင်ပြီး ပရောဂျက် အဆင်ပြေပြေ ချောချော မွေ့မွေ့ ပြီးမြောက်ဖို့နဲ့ အပြီးအစီးအပ်နှံဖို့အတွက် အာမခံသွားမှာဖြစ်ပါတယ်” လို့ သူက ဆက်ပြောပါတယ်။

အခက်အခဲများကို တာဝန်ယူမှုဖြင့် ကျော်လွှားခြင်း

အခက်အခဲများသည် ယာယီဖြစ်ပြီး တာဝန်နှင့် အရည်အသွေးသည် ထာဝရဖြစ်ကြောင်း အမြဲတမ်း အခိုင်အမာ ယုံကြည်ထားတဲ့အတွက် ကုန်ကြမ်း ရှားပါးမှုနှင့် စရိတ်စကများ တိုးလာမှုကို ဖြေရှင်းရန် ဝယ်ယူရေးလမ်းကြောင်းများကို အကောင်းဆုံးဖြစ်စေဖို့အတွက် နိုင်ငံတကာနှင့် ပြည်တွင်း ထောက်ပံ့သူများနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုရှိပြီး ရင်းနှီးမြှုပ်နှံမှု၏ တစ်ပြားတစ်ချပ်ကို အဓိက လိုအပ်ချက်တွင်သာသုံးစွဲကာ ပရောဂျက်၏ အရည်အသွေးနှင့် စားသုံးသူများ၏ အကျိုးစီးပွားကို အမြဲ ဦးစားပေးတယ်လို့ ဆိုပါတယ်။

ထိုသို့ခက်ခဲသော အခြေအနေများရှိနေသော်လည်း ကုမ္ပဏီအနေဖြင့် နောက်ဆုတ်ခြင်းမရှိဘဲ စီမံကိန်း ပုံမှန်ရှေ့ဆက်လျှောက်ရန်အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ဆောင်ရွက်ခဲ့ကာ စီမံကိန်းတိုင်း၏ အစိတ်အပိုင်း တစ်ခုစီတိုင်းတွင် ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုပိုင်းတွင် အခက်အခဲများကိုအတတ်နိုင်ဆုံးဖြေရှင်းခြင်းဖြင့် ပရောဂျက်များကို အချိန်နှင့်တစ်ပြေးညီ ပေးအပ်နိုင်ရန် သေချာစွာ တာဝန်ယူဆောင်ရွက်နေတယ်လို့လည်း သိရပါတယ်။

လုပ်သားမွေးထုတ်ခြင်းနှင့် ခေါ်ယူခြင်းကို အာရုံစိုက်ခြင်း

အဆင့်မြင့်ဆောက်လုပ်ရေးကဏ္ဍတွင် ထူးချွန်သော နည်းပညာဆိုင်ရာ ကျွမ်းကျင်သူနှင့် စီမံခန့်ခွဲမှုအဖွဲ့ဟာ မရှိမဖြစ်လိုအပ်တာကြောင့် ကုမ္ပဏီအနေဖြင့် အတွေ့အကြုံရှိသော အင်ဂျင်နီယာများ၊ ပရောဂျက် မန်နေဂျာများနှင့် ကျွမ်းကျင်လုပ်သားများကို ခေါ်ယူခဲ့ပြီး ပြည်တွင်းတွင် အရည်အချင်းပြည့်မီသော လုပ်သားများကို မွေးထုတ်မှုအတွက် တက်ကြွစွာမြှင့်တင်ပေးခဲ့သလို သင်တန်းပေးခြင်း၊ နည်းပညာဆိုင်ရာ ဟောပြောပွဲများ၊ လုပ်သားများအရည်အချင်း မြှင့်တင်ခြင်းစသည်တို့ကို ပုံမှန်ကျင်းပပေးပြီး အနာဂတ်အတွက် လူစွမ်းအားအရင်းအမြစ်များကို ပြုစုပျိုးထောင်ပေးနေတယ်လို့ သိရပါတယ်။

အနာဂတ်ကို မျှော်တွေးပြီး ရှေ့ဆက်ခြင်း

ကုမ္ပဏီနေဖြင့် ပြင်ပပတ်ဝန်းကျင်တွင်ရှိသော အတားအဆီး အခက်အခဲပေါင်းများစွာကို အဆင့်ဆင့် ကျော်လွှားပြီး စဉ်ဆက်မပြတ် ပိုမိုကောင်းမွန်အောင်နှင့် ဗျူဟာများ ပြုပြင်ပြောင်းလဲခြင်းဖြင့် ပရောဂျက်၏ အဆင်ပြေချောမွေ့သော တိုးတက်မှုကို ရရှိနိုင်ခဲ့တယ်လို့ ဆိုပါတယ်။

River Front Garden အနေဖြင့် ၎င်းတို့အား ပံ့ပိုးပေးခဲ့ကြသော အစုရှယ်ယာရှင်များ၊ လုပ်ဖော်ကိုင်ဖက်များနှင့် စားသုံးသူများအားလုံးကို ကျေးဇူးတင်ကာ အနာဂတ်တွင် "တာဝန်ယူမှု၊ ဆန်းသစ်တီထွင်မှုနှင့် အရည်အသွေး" ဆိုသည့် အဓိကသဘောထားကို ဆက်လက်ထိန်းသိမ်းပြီး ရန်ကုန်စျေးကွက်တွင် ခိုင်မာစွာ အခြေချခြင်း၊ အရည်အသွေးမြင့် ပရောဂျက်များ ပိုမိုအကောင်အထည်ဖော်ဆောင်ရွက်ရေးကို မြှင့်တင်ခြင်း အစရှိသော ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် မြို့ပြတည်ဆောက်ရေး၊ လူနေမှုဘဝပုံစံကို မြှင့်တင်ခြင်းတို့တွင် စွမ်းစွမ်းတမံ ပံ့ပိုးကူညီသွားမယ်လို့ ဆိုပါတယ်။

အနာဂတ်ကို စောင့်မျှော်ရင်း ပထမဦးစားပေးအဖြစ် တာဝန်ယူမှုရှိရှိဖြင့် အရည်အသွေးကို ရှေ့တန်းတင်ကာ ဆန်းသစ်တီထွင်မှုနှင့် တက်ကြွသောစိတ်ဓာတ်ကို ထိန်းသိမ်း၍ ဆက်လက်လုပ်ဆောင်လျက် စျေးကွက်တွင် ပိုမိုအရည်အသွေးမြင့်ပြီး ရေရှည်တည်တံ့သော လူနေအိမ်ရာ စီမံကိန်းများကို ပံ့ပိုးပေးသွားမှာဖြစ်သလို ကုမ္ပဏီ၏ ရည်မှန်းချက်မှာ စားသုံးသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရုံသာ မဟုတ်ဘဲ မိမိတို့၏ ကြိုးပမ်းမှုများမှတဆင့် ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေး တစ်ဆင့်တိုးစေရန်၊ မိသားစုတိုင်းအတွက် နွေးထွေးသော အိမ်ဝန်းတစ်ခု အကောင်အထည်ဖော်ပေးရန် ကူညီဖို့ဖြစ်တယ်လို့ သိရပါတယ်။

ဒါ့အပြင် ကုမ္ပဏီအနေဖြင့် ကာလကြာရှည်စွာ ကော်ပိုရိတ် လူမှုရေးတာဝန်များကို တက်ကြွစွာ ဖြည့်ဆည်းပေးခဲ့ကာ ရပ်ရွာတည်ဆောက်ရေးနှင့် ပြည်သူ့သက်သာချောင်ချိရေး လုပ်ငန်းများတွင် စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ပြီး ဒေသခံပြည်သူများအတွက် ပိုမိုကောင်းမွန်သော အခြေအနေများကို ဖန်တီးပေးခဲ့သလို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို လျော့ကျစေရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်အတွက် ကုမ္ပဏီအနေဖြင့် အစိမ်းရောင် အဆောက်အဦ (Green Building) ၏ သဘောတရားကို လိုက်နာကာ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေသော Eco-Friendly Materials ပစ္စည်းများနှင့် နည်းပညာများကို အသုံးပြုလျက်ရှိတယ်လို့လည်း သိရပါတယ်။

River Front Garden အနေနဲ့ ယခုလို Thanksgiving Day ခေါ် ကျေးဇူးတော်နေ့တွင် မိမိတို့နှင့်အတူ လက်တွဲလျှောက်လှမ်းခဲ့သော လုပ်ဖော်ကိုင်ဖက်များ၊ စားသုံးသူများနှင့် အဖွဲ့များအားလုံးကို စိတ်ရင်းမှန်ဖြင့် ကျေးဇူးတင်ရှိပြီး အားလုံး၏ ယုံကြည်မှုနှင့်အားပေးမှုများကြောင့် ကုမ္ပဏီအနေဖြင့် စိန်ခေါ်မှုလမ်းပေါ်တွင် ခိုင်မာစွာ ရှေ့ဆက်သွားနိုင်ပြီး နောက်ထပ်အလားအလာကောင်းများကို ဖန်တီးနိုင်ကာ ရန်ကုန်နဲ့ မိသားစုတိုင်းအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကိုဆက်လက်တည်ဆောက်ပေးသွားမှာဖြစ်သလို မကြောက်မရွံ့ ရှေ့သို့ဆက်လက်လျှောက်လှမ်းသွားဖို့ ကတိပြုတယ်လို့လည်း ဆိုပါတယ်။







ထိန်းကျောင်းမှုတွေနဲ့ လုပ်သာကိုင်သာအရွှေတစ်ခုဖြစ်ဖို့ ရွှေလုပ်ငန်းရှင်တို့ခွန်အားလင့်



မြန်မာ့ရွှေစျေးကွက်တွင် ၂၀၂၃ ခုနှစ်ကတည်းက စျေးနှုန်းအားဖြင့် မြင့်တက်ခဲ့ပြီး ရွှေစျေးကို ထိန်းကျောင်းနိုင်ရန်အတွက် နည်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့သလို ၂၀၂၄ ခုနှစ်တွင်လည်း စျေးကွက်အတွင်း တရားမဝင်ရောင်းဝယ်မှုများ ဖော်ထုတ်အရေးယူခြင်း၊ သတ်မှတ်စျေးနှုန်းဖြင့် ရောင်းချစေခြင်းတို့အပြင် ဥပဒေ၊ ညွှန်ကြားချက်များ ထုတ်ပြန်၍လည်း ဆောင်ရွက်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဇွန်လအတွင်းက ရွှေစျေးနှုန်းမတည်ငြိမ်အောင်ပြုလုပ်ခြင်းများအတွက် အရေးယူမှုများကို ပြုလုပ်ခဲ့သလို ဇွန်လ ၄ ရက်နေ့မှ စတင်ပြီး ရွှေစျေးကို ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) က ထုတ်ပြန်တဲ့ စျေးများအတိုင်း ရောင်းဝယ်ရန် ထုတ်ပြန်ခဲ့ပါတယ်။

ဒါ့အပြင် လက်ဝတ်ရတနာအပါအဝင် ရွှေအတုံး၊ အခဲ၊ ရွှေချောင်း၊ ရွှေဒင်္ဂါးအပါအဝင် ရွှေနှင့် ပြုလုပ်သော အနုပညာပစ္စည်းများ၊ အသုံးအဆောင်များစသော လုပ်ငန်းအားလုံးကို အရေးကြီး ဝန်ဆောင်မှု အဖြစ်သတ်မှတ်ကာ နောက်ဆက်တွဲအဖြစ် လိုင်စင်လျှောက်ထားခြင်း၊ တားဖြစ်အမိန့်၊ စည်းမျဉ်း သတ်မှတ်အမိန့်၊ ကြီးကြပ်အမိန့်၊ ကာကွယ်အမိန့်တို့ ပါဝင်တဲ့ ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်ကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၅ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ပါတယ်။



လုပ်ငန်းလိုင်စင် ပြန်လျှောက်ရမယ်



ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့်၌ လိုင်စင် ၂ မျိုးပါဝင်ပြီး စံချိန်မီရွှေရောင်းဝယ်ခြင်း ဝန်ဆောင်မှု လုပ်ငန်းလိုင်စင်နှင့် ရွှေ ရွှေကြမ်း၊ လက်ဝတ်ရတနာ၊ ရွှေနှင့် ရွှေကြမ်းဖြင့် ပြုလုပ်သော အနုပညာပစ္စည်းများနှင့် အသုံးအဆောင် ပစ္စည်းများ ရောင်းဝယ်ခြင်းဝန်ဆောင်မှုလုပ်ငန်းလိုင်စင်တို့ ဖြစ်ပါတယ်။

ယင်း လုပ်ငန်းလိုင်စင်ကို နိုဝင်ဘာလ (၁၈) ရက်မှစတင် လျှောက်ထားရမည် ဖြစ်ပြီး လိုင်စင်လျှောက်ထားခြင်းကာလမှာ စတင်လျှောက်သည့်နေ့မှ (၃) လအတွင်း ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA)မှ နိုဝင်ဘာ ၁၂ ရက် ရက်စွဲဖြင့် ထုတ်ပြန်ထားပါတယ်။

လိုင်စင်ကို လျှောက်ထားရာ၌ သက်ဆိုင်ရာ တိုင်းနှင့်ပြည်နယ် ကနဦးစိစစ်ရေးအဖွဲ့ လျှောက်လွှာပုံစံများတွင် ဖြည့်စွက်၍ လူပုဂ္ဂိုလ်ဖြစ်ပါက လျှောက်ထားသူ၏ လိုင်စင်ဓာတ်ပုံ၊ မှတ်ပုံတင်၊ ကိုယ်ရေး အချက်အလက်၊ ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ အချက်အလက်၊ ဒါရိုက်တာဘုတ်အဖွဲ့ဝင်စာရင်း၊ ၎င်းတို့၏ မှတ်ပုံတင် မိတ္တူ၊ လုပ်ငန်း၏ ၂၅ ရာခိုင်နှုန်းကို ရင်းနှီးမြှုပ်နှံငွေထားရှိရန်၊ ယင်းငွေကို ဘဏ်စာရင်းရှင်းတမ်း၊ တစ်လအတွင်း ရွှေအရောင်းအဝယ် ပြုလုပ်နိုင်သည့် ပမာဏ၊ သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကန့်ကွက်ရန်မရှိကြောင်း ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်၊ ရွှေလုပ်ငန်းရှင်များ၏ အသင်းဝင်ထောက်ခံချက်အစရှိသည့် အချက် ၁၁ ချက်ဖြင့် ကနဦးဆောင်ရွက်ရမယ်လို့ ဖော်ပြထားပါတယ်။

ယင်းသတ်မှတ်ချက်များနှင့် ပြည့်စုံပါက လုပ်ငန်းလိုင်စင်စိစစ်ရေးအဖွဲ့သို့ လျှောက်ထားသည့် လျှောက်လွှာ မှန်ကန်မှုရှိမရှိ၊ လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီများ၏

ပိုင်ဆိုင်မှုအထောက်အထား မှန်ကန်မှုရှိမရှိ၊ အရောင်းဆိုင်တည်နေရာ စသည့် အချက် ၅ ချက်ဖြင့် ထပ်မံစိစစ်ခြင်းများ လုပ်ဆောင်ကာ လုပ်ငန်းလိုင်စင်ကို အမှတ် ၂ သတ္တုတွင်း လုပ်ငန်းမှ ထုတ်ပေးခွင့်ပြုမည်ဖြစ်ပြီး လုပ်ငန်းလိုင်စင်ကြေးအဖြစ် ကျပ် ၁၅ သိန်းကို လျှောက်ထားသူမှ ပေးသွင်းရမှာဖြစ်ကာ လုပ်ငန်းလိုင်စင် သက်တမ်းကာလမှာ စတင်သည့်နေ့မှစ၍ ၃ နှစ် သတ်မှတ်ထားသလို သက်တမ်းကုန်ဆုံးရက် မကျော်လွန်မီ ၆ လ ကြိုတင်၍ လိုင်စင်အသစ်ကို ပြန်လည် လျှောက်ထားရမယ်လို့ ထုတ်ပြန်ထားပါတယ်။

လုပ်ငန်းလိုင်စင်ရရှိပြီးသူများရဲ့ လိုက်နာရန် တာဝန်များ အဖြစ်လည်း နိုင်ငံတော်က သတ်မှတ်ထားသော စံချိန်စံညွှန်းကိုက်ညီသည့် ဓာတ်သတ္တု(ရွှေ)ကိုသာ ရောင်းချခြင်း၊ ဝယ်ယူခြင်းတွေကို ပြုလုပ်ရမယ်လို့ ဆိုပါတယ်။

ရွှေရောင်းဝယ်ခြင်း လုပ်ငန်းလိုင်စင်ရထားတဲ့ လူပုဂ္ဂိုလ် (သို့မဟုတ်) ကုမ္ပဏီတွေဟာ ရောင်းသူ ဒါမှမဟုတ် ဝယ်သူရဲ့ အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ်တို့ကို အရောင်းအဝယ် ပြေစာတွေမှာ ပြည့်စုံစွာဖော်ပြရမယ်လို့ ဆိုပါတယ်။

ယင်းအရောင်းအဝယ်ပြေစာတွေနဲ့ တစ်နေ့တာ အရောင်းအဝယ်စာရင်းတွေကို အနည်းဆုံး ၅ နှစ် ထိန်းသိမ်းထားရမှာဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှတောင်းယူတဲ့အခါ နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ပေးရမယ်လို့ အမိန့်စာမှာ ဖော်ပြထားပါတယ်။



အဆိုပါ အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှု ဥပဒေပုဒ်မ ၄ ၊ ပုဒ်မခွဲ (ဂ) အား မည်သူမဆို အမိန့်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားလျှင် ထောင်ဒဏ် ၆ လမှ အများဆုံး ထောင်ဒဏ် ၃ နှစ်အထိ ချမှတ်မည့်အပြင် ကျပ် ၅ သိန်းထက်မပိုသော ဒဏ်ငွေလည်း ချမှတ်ခံရမယ်လို့ သိရပါတယ်။

ရွှေရောင်းချမှုများအား လုံးကို စနစ်တကျ ထိန်းကျောင်းဖို့

ပြီးခဲ့တဲ့ အောက်တိုဘာ ၂၄ ရက်နေ့က ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းစျေး သတ်မှတ်ရေးကော်မတီအား ဖွဲ့စည်းထားပြီး အဆိုပါ ကော်မတီမှ နေ့စဉ်ရွှေရည်ညွှန်းစျေးကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ သတ်မှတ်ထုတ်ပြန်နိုင်ရန် မြန်မာနိုင်ငံအတွင်း ဖြစ်သင့်ဖြစ်ထိုက်သော ရွှေရည်ညွှန်းစျေးကို နေ့စဉ် အွန်လိုင်းအစည်းအဝေးပြုလုပ်၍ အတည်ပြုသတ်မှတ် ထုတ်ပြန်ပေးမှာဖြစ်ကာ အဆိုပါ ထုတ်ပြန်တဲ့ ရည်ညွှန်းစျေးဖြင့်သာ အရောင်းအဝယ် ပြုလုပ်ရမှာဖြစ်သလို အွန်လိုင်းဖြင့် ရောင်းချလိုပါကလည်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းမှတ်ပုံတင်လက်မှတ် လျှောက်ထားရမယ်လို့ သိရပါတယ်။



ဩဂုတ်လအတွင်းကလည်း ၂၀၂၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ပြဋ္ဌာန်းခဲ့ရာ၌ အခွန်အကောက်ဥပဒေ ပုဒ်မ (၁၄) ပုဒ်မခွဲ(က)၏ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ နောက်ဆက်တွဲဇယားများ အမှတ်စဉ် (၃၉) တွင် ပါရှိသော ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ)နှင့် ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမယ်လို့ ထုတ်ပြန်ခဲ့ပြီး အဆိုပါဥပဒေကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ (၁) ရက်မှ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၁) ရက်အထိ အကျိုးသက်ရောက်စေရမယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။

စာမျက်နှာ (၁၃) သို့



JANUARY

၁၃၈၆ခု၊ ပြာသို - တပို့တွဲ

Sun တနင်္ဂနွေ	Mon တနင်္လာ	Tue အင်္ဂါ	Wed ဗုဒ္ဓဟူး	Thur ကြာသပတေး	Fri သောကြာ	Sat စနေ
			ပြည့်လသစ် 1 ၃ ခြင်္သေ့တကျစ်ဆဲတံငုးနေ့	2 ၄	3 ၅	4 ၆ လွှာလပ်ထုံးနေ့
5 ၇	6 ၈	7 ၉	8 ၁၀	9 ၁၁	10 ၁၂	11 ၁၃
12 ၁၄	13 ပြည့်ဝန်းနွဲ့ ● ၁၅	14 ပြည့်ဝသတ် ၁	15 ၂	16 ၃	17 ၄	18 ၅
19 ၆	20 ၇	21 ၈	22 ၉	23 ၁၀	24 ၁၁	25 ၁၂
26 ၁၃	27 ၁၄	ပြည့်ဖျော်ဘွယ် ● 28 ၁၅	တပို့တွဲလဆန်း 29 ၁ တရုတ်နှစ်သစ်ကူးနေ့	30 ၂	31 ၃	

FEBRUARY

၁၃၈၆ခု၊ တပို့တွဲ - တပေါင်း

Sun တနင်္ဂနွေ	Mon တနင်္လာ	Tue အင်္ဂါ	Wed ဗုဒ္ဓဟူး	Thur ကြာသပတေး	Fri သောကြာ	Sat စနေ
						တပို့တွဲလဆန်း 1 ၄
2 ၅	3 ၆	4 ၇	5 ၈	6 ၉	7 ၁၀	8 ၁၁
9 ၁၂	10 ၁၃	11 ၁၄	တပို့တွဲပြည့် ● 12 မြည်းထောင်းနေ့	တပို့တွဲဆုတ် 13 ၁	14 ၂	15 ၃
16 ၄	17 ၅	18 ၆	19 ၇	20 ၈	21 ၉	22 ၁၀
23 ၁၁	24 ၁၂	25 ၁၃	တပို့တွဲဟူသော် ● 26 ၁၄	ကဆုန်လဆန်း 27 ၁	28 ၂	

MAY

၁၃၈၇ခု၊ ကဆုန် - နယုန်

Sun တနင်္ဂနွေ	Mon တနင်္လာ	Tue အင်္ဂါ	Wed ဗုဒ္ဓဟူး	Thur ကြာသပတေး	Fri သောကြာ	Sat စနေ
				ကဆုန်လဆန်း 1 ၅ ကမ္ဘာ့အလုပ်သမားနေ့	2 ၆	3 ၇
4 ၈	5 ၉	6 ၁၀	7 ၁၁	8 ၁၂	9 ၁၃	10 ၁၄
ကဆုန်ပြည့် ● 11 ဘောဓိပင်ရှိခိုးတော်	12 ကဆုန်ဆုတ် ၁	13 ၂	14 ၃	15 ၄	16 ၅	17 ၆
18 ၇	19 ၈	20 ၉	21 ၁၀	22 ၁၁	23 ၁၂	24 ၁၃
25 ၁၄	26 ကဆုန်ဟူသော် ● ၁၅	27 နယုန်လဆန်း ၁	28 ၂	29 ၃	30 ၄	31 ၅

JUNE

၁၃၈၇ခု ခု၊ နယုန် - ဝါဆို

Sun တနင်္ဂနွေ	Mon တနင်္လာ	Tue အင်္ဂါ	Wed ဗုဒ္ဓဟူး	Thur ကြာသပတေး	Fri သောကြာ	Sat စနေ
နယုန်လဆန်း 1 ၆	2 ၇	3 ၈	4 ၉	5 ၁၀	6 ၁၁	7 ၁၂
8 ၁၃	9 ၁၄	နယုန်ပြည့် ● 10 ၁၅	နယုန်ဆုတ် 11 ၁	12 ၂	13 ၃	14 ၄
15 ၅	16 ၆	17 ၇	18 ၈	19 ၉	20 ၁၀	21 ၁၁
22 ၁၂	23 ၁၃	နယုန်ဟူသော် ● 24 ၁၄	မိုးရိုးလဆန်း 25 ၁	26 ၂	27 ၃	28 ၄
29 ၅	30 ၆					

SEPTEMBER

၁၃၈၇ခု ခု၊ တော်သလင်း - သီတင်းကျွတ်

Sun တနင်္ဂနွေ	Mon တနင်္လာ	Tue အင်္ဂါ	Wed ဗုဒ္ဓဟူး	Thur ကြာသပတေး	Fri သောကြာ	Sat စနေ
	တော်သလင်းလဆန်း 1 ၁၀	2 ၁၁	3 ၁၂	4 ၁၃	5 ၁၄	တော်သလင်းပြည့် ● 6 ၁၅
တော်သလင်းဆုတ် 7 ၁	8 ၂	9 ၃	10 ၄	11 ၅	12 ၆	13 ၇
14 ၈	15 ၉	16 ၁၀	17 ၁၁	18 ၁၂	19 ၁၃	20 ၁၄
တော်သလင်းဟူသော် ● 21 ၁	သီတင်းကျွတ်လဆန်း 22 ၂	23 ၃	24 ၄	25 ၅	26 ၆	27 ၇
28 ၈	29 ၉	30 ၁၀				

OCTOBER

၁၃၈၇ခု ခု၊ သီတင်းကျွတ် - တန်ဆောင်မုန်း

Sun တနင်္ဂနွေ	Mon တနင်္လာ	Tue အင်္ဂါ	Wed ဗုဒ္ဓဟူး	Thur ကြာသပတေး	Fri သောကြာ	Sat စနေ
			သီတင်းကျွတ်လဆန်း 1 ၁၀	2 ၁၁	3 ၁၂	4 ၁၃
သီတင်းကျွတ်ပုဂံတက် 5 ၁၄ အဓိဋ္ဌာန်	အင်းမရေနေ့ 6 သီတင်းကျွတ်ပြည့် ● ၁၅	သီတင်းကျွတ်လဆုတ် 7 ၁ သီတင်းကျွတ်ပုဂံတက်	8 ၂	9 ၃	10 ၄	11 ၅
12 ၆	13 ၇	14 ၈	15 ၉	16 ၁၀	17 ၁၁	18 ၁၂
19 ၁၃	သီတင်းကျွတ်ဟူသော် ● 20 ၁၄	တန်ဆောင်မုန်းလဆန်း 21 ၁	22 ၂	23 ၃	24 ၄	25 ၅
26 ၆	27 ၇	28 ၈	29 ၉	30 ၁၀	31 ၁၁	

MYANMAR FUTURE NEWS

alendar

MARCH

၁၃၈၆ ခု၊ တပေါင်း - တန်ခူး

Sun တနင်္ဂနွေ	Mon တနင်္လာ	Tue အင်္ဂါ	Wed ဗုဒ္ဓဟူး	Thur ကြာသပတေး	Fri သောကြာ	Sat စနေ
30 ၂	31 ၃ တန်ခူးလဆန်း					1 ၄ တပေါင်းလဆန်း
2 ၅ တောင်ငူစေတီသမားတော်	3 ၆	4 ၇	5 ၈	6 ၉	7 ၁၀	8 ၁၁
9 ၁၂	10 ၁၃	11 ၁၄	12 ၁၅	13 ● ၁၆ တပေါင်းပြည့်	14 ၁၇ တပေါင်းထုတ်	15 ၁၈
16 ၁၉	17 ၂၀	18 ၂၁	19 ၂၂	20 ၂၃	21 ၂၄	22 ၂၅
23 ၂၆	24 ၂၇	25 ၂၈	26 ၂၉	27 တပ်မတော်နေ့	28 တို့ပျံလွှတ်●	29 တန်ခူးလဆုတ် ၃၀

APRIL

၁၃၈၆ - ၈၇ ခု၊ တန်ခူး - ကဆုန်

Sun တနင်္ဂနွေ	Mon တနင်္လာ	Tue အင်္ဂါ	Wed ဗုဒ္ဓဟူး	Thur ကြာသပတေး	Fri သောကြာ	Sat စနေ
		1 ၄ တန်ခူးလဆုတ်	2 ၅	3 ၆	4 ၇	5 ၈
6 ၉	7 ၁၀	8 ၁၁	9 ၁၂	10 ၁၃	11 ၁၄	12 ● ၁၅ တန်ခူးပြည့်
13 ၁ တန်ခူးထုတ် သင်္ကြန်အကြိုနေ့	14 ၂ သင်္ကြန်အကြိုနေ့	15 ၃ သင်္ကြန်အကြိုနေ့	16 ၄ သင်္ကြန်တရားဟောနေ့	17 ၅ နဝတ်ပေါက်နေ့	18 ၆ မြန်မာနှစ်သစ်ကူးပုံတိုက်ရာ	19 ၇ မြန်မာနှစ်သစ်ကူးပုံတိုက်ရာ
20 ၈ မြန်မာနှစ်သစ်ကူးပုံတိုက်ရာ	21 ၉ မြန်မာနှစ်သစ်ကူးပုံတိုက်ရာ	22 ၁၀	23 ၁၁	24 ၁၂	25 ၁၃	26 ● ၁၄ တန်ခူးလဆန်း
27 ၁၅ ကဆုန်လဆန်း	28 ၁၆	29 ၁၇	30 ၁၈			

JULY

၁၃၈၇ ခု၊ ဝါဆို - ဝါခေါင်

Sun တနင်္ဂနွေ	Mon တနင်္လာ	Tue အင်္ဂါ	Wed ဗုဒ္ဓဟူး	Thur ကြာသပတေး	Fri သောကြာ	Sat စနေ
		1 ၇ ဝါဆိုလဆန်း	2 ၈	3 ၉	4 ၁၀	5 ၁၁
6 ၁၂	7 ၁၃	8 ၁၄	9 ● ၁၅ ဝါဆိုပြည့် ဓမ္မစကြာနေ့	10 ၁ ဝါဆိုထုတ်	11 ၂	12 ၃
13 ၄	14 ၅	15 ၆	16 ၇	17 ၈	18 ၉	19 ၁၀ ဘဘာနည်းနေ့
20 ၁၁	21 ၁၂	22 ၁၃	23 ၁၄	24 ● ၁၅ ဝါဆိုကပ္ပေါ်	25 ၁၆ ဝါခေါင်လဆန်း	26 ၁၇
27 ၁၈	28 ၁၉	29 ၂၀	30 ၂၁	31 ၂၂		

AUGUST

၁၃၈၇ ခု၊ ဝါခေါင် - တော်သလင်း

Sun တနင်္ဂနွေ	Mon တနင်္လာ	Tue အင်္ဂါ	Wed ဗုဒ္ဓဟူး	Thur ကြာသပတေး	Fri သောကြာ	Sat စနေ
31 ၂၃ တော်သလင်းလဆန်း					1 ၂၄ ဝါခေါင်လဆုတ်	2 ၂၅
3 ၂၆	4 ၂၇	5 ၂၈	6 ၂၉	7 ၃၀	8 ● ၁ ဝါခေါင်ပြည့်	9 ၂ ဝါခေါင်ထုတ်
10 ၃	11 ၄	12 ၅	13 ၆	14 ၇	15 ၈	16 ၉
17 ၁၀	18 ၁၁	19 ၁၂	20 ၁၃	21 ၁၄	22 ● ၁၅ ဝါခေါင်လွှတ်	23 ၁၆ တော်သလင်းလဆန်း
24 ၁၇	25 ၁၈	26 ၁၉	27 ၂၀	28 ၂၁	29 ၂၂	30 ၂၃

NOVEMBER

၁၃၈၇ ခု၊ တန်ဆောင်မုန်း - နတ်တော်

Sun တနင်္ဂနွေ	Mon တနင်္လာ	Tue အင်္ဂါ	Wed ဗုဒ္ဓဟူး	Thur ကြာသပတေး	Fri သောကြာ	Sat စနေ
30 ၁၁ နတ်တော်လဆန်း						1 ၁၂ တန်ဆောင်မုန်းလဆန်း
2 ၁၃	3 ၁၄	4 ● ၁၅ တန်ဆောင်မုန်းပြည့် တန်ဆောင်တိုင်းသကျ	5 ၁ တန်ဆောင်မုန်းထုတ်	6 ၂	7 ၃	8 ၄
9 ၅	10 ၆	11 ၇	12 ၈	13 ၉	14 ၁၀ အမျိုးသားနေ့	15 ၁၁
16 ၁၂	17 ၁၃	18 ၁၄	19 ၁၅	20 ၁၆	21 ၁၇	22 ၁၈
23 ၁၉	24 ၂၀	25 ၂၁	26 ၂၂	27 ၂၃	28 ၂၄	29 ၂၅

DECEMBER

၁၃၈၇ ခု၊ နတ်တော် - ပြာသို

Sun တနင်္ဂနွေ	Mon တနင်္လာ	Tue အင်္ဂါ	Wed ဗုဒ္ဓဟူး	Thur ကြာသပတေး	Fri သောကြာ	Sat စနေ
	1 ၂၆ နတ်တော်လဆန်း	2 ၂၇	3 ၂၈	4 ● ၂၉ နတ်တော်ပြည့်	5 ၃၀ နတ်တော်ထုတ်	6 ၁
7 ၂	8 ၃	9 ၄	10 ၅	11 ၆	12 ၇	13 ၈
14 ၉	15 ၁၀	16 ၁၁	17 ၁၂	18 ● ၁၃ နတ်တော်ကပ္ပေါ်	19 ၁၄ ပြာသိုလဆန်း ကရုဏာသမ်ဓိကနေ့	20 ၁၅
21 ၁၆	22 ၁၇	23 ၁၈	24 ၁၉	25 ၂၀ အတွေးကောင်းနေ့	26 ၂၁	27 ၂၂
28 ၂၃	29 ၂၄	30 ၂၅	31 ၂၆			

စာမျက်နှာ (၁၀) မှ အဆက်

ထို့ပြင် "ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ရွှေထည်လက်ဝတ်ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေအပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက် တန်ဖိုးအပေါ်တွင်လည်းကောင်း (၃) ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်စေရမယ်လို့ ထုတ်ပြန်ခဲ့ပါတယ်။

ထို့အတူ ပုဒ်မ ၁၄ ပုဒ်မခွဲ(ဈ)အား " ရွှေစင်၊ ရွှေတုံးများ(စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ရွှေထည်လက်ဝတ် ရတနာများ ရောင်းချခြင်းမှ ရောင်းရငွေ အပေါ်တွင်လည်းကောင်း၊ ပြည်ပမှတင်သွင်းခြင်းအတွက် ကုန်းပေါ်ရောက် တန်ဖိုး အပေါ်တွင်လည်းကောင်း ၃ ရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည်။ သို့ရာတွင် ရွှေစင်၊ ရွှေတုံးများ (စံချိန်မီ ရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများ) နှင့် ရွှေထည် လက်ဝတ်ရတနာများကို ပြည်တွင်း၌ ဝယ်ယူစဉ် သို့မဟုတ် ပြည်ပမှတင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပြည်တွင်း၌ ရောင်းချစဉ် သို့မဟုတ် ပြည်ပသို့တင်ပို့စဉ် ပေးဆောင်ရသည့် ကျသင့်ကုန်သွယ်လုပ်ငန်းခွန်မှ ခုနှိမ်ခွင့်မရှိစေရ"ဟု အစားထိုးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။



ရွှေဈေးကွက် ဘာတွေပြောင်းလဲသွားနိုင်လဲ



ယင်းအဓိန့်အရ ရွှေအရောင်းအဝယ်လုပ်သူတွေ မဖြစ်မနေ လုပ်ငန်းလိုင်စင် လျှောက်ထားရမှာဖြစ်ပြီး ပြင်ပမှာ အရောင်းအဝယ် လုပ်တာတွေလည်း အရေးယူမယ့် အခြေအနေဖြစ်လာနိုင်တယ်လို့ ရွှေလုပ်ငန်းရှင်များက ပြောပါတယ်။

အဆိုပါ အဓိန့်တွင် တားမြစ်ချက်များအဖြစ်လည်း ရွှေဈေးကွက် မတည်မငြိမ် ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်းမပြုလုပ်ရသလို လုပ်ငန်း လိုင်စင်ရရှိသည့် လူပုဂ္ဂိုလ် (သို့) ကုမ္ပဏီဟာ အရောင်းအဝယ်ပြုလုပ်ရာတွင် မရိုး ဖြောင့်သောသဘောဖြင့် အခြေပစ္စည်းများ၊ ကံစမ်းမဲများပေး၍ ဈေးနှုန်းတက်နိုင်သည့် အလားသဏ္ဌာန်ဆောင်သော နည်းလမ်းများဖြင့် ရောင်းဝယ်ခြင်း မပြုရဘူးလို့ ထုတ်ပြန်ထားပါတယ်။

ထို့အတူ ခွင့်ပြုထားသော ရောင်းဝယ်သည့် နည်းလမ်းမှလွဲ၍ ရွှေကို သဏ္ဌာန် ဆောင်ရောင်းချခြင်း၊ ကြိုရောင်းကြိုဝယ်(လေပတ်ကား)ရောင်းချခြင်းနှင့် တရားမဝင် ရောင်းဝယ်မှုများ မပြုရဘူးလို့လည်း သိရပါတယ်။

ရွှေလုပ်ငန်းရှင်တစ်ဦးက "ရွှေကုန်ကြမ်းက ပြည်တွင်းက ဝင်တာရှိသလို ပြည်ပက တင်သွင်းရတာလည်းရှိတယ်။ အထည်ခတ်တဲ့နေရာမှာအသုံးပြုတဲ့ ပစ္စည်း တချို့ကို နိုင်ငံခြားက တင်သွင်းရတာတွေရှိတယ်။ အဲဒါကြောင့် လစဉ်နိုင်ငံခြားငွေ ထွက်နေတာရှိတယ်။ နိုင်ငံခြားငွေနဲ့ ပတ်သက်တာတွေကို ထိန်းကျောင်းဖို့ ဒီလို ဆောင်ရွက်လိုက်တာလို့ နားလည်ရပါတယ်"လို့ မှတ်ချက်ပေးပါတယ်။

ဒါ့အပြင် ရွှေဆိုတာက ဝင်ငွေပိုလျှံမှ စုဆောင်းကြတာမျိုးဖြစ်ပြီး အရေးကြီး မဖြစ်မနေသုံးစွဲရတဲ့ ကုန်ပစ္စည်းမဟုတ်တာကြောင့် လက်ရှိဈေးကွက် အခြေအနေက ဈေးကစားနေကြခြင်းသာဖြစ်လို့ ရွှေဈေး၊ ဒေါ်လာဈေးတက်ပါက ကျန်တဲ့ ကုန်ပစ္စည်း ဈေးများကပါ လိုက်တက်နေတာဖြစ်တယ်လို့ စီးပွားရေးလုပ်ငန်းရှင်အသိုင်းအဝိုင်းက သုံးသပ်ပြောကြပါတယ်။

လက်ရှိအခြေအနေတွင် ဈေးကွက်ထဲ၌ လေနဲ့ ဈေးကစားတဲ့သူများ၊ ရွှေကို ဝယ်လိုက်၊ ရောင်းလိုက်ဖြင့် ဈေးကစားနေသူများကိုထိန်းချုပ်ဖို့ လိုအပ်နေကာ ပြည်ပ နိုင်ငံများတွင် ဒေါ်လာဈေးကျပါက ရွှေဈေးတက်တာမျိုးရှိသော်လည်း မြန်မာနိုင်ငံ၌ ပြောင်းပြန်ဖြစ်ရပ်တွေဖြစ်နေတာကြောင့် ဒါတွေကိုထိန်းချုပ်သင့်ပြီး ရွှေဈေးတည်ငြိမ် သွားပါက ငွေဈေးတို့၊ ကျန်တဲ့ဈေးတွေပါ တဖြည်းဖြည်း ပြန်ပြီး တည်ငြိမ်နိုင်တယ်လို့





လည်း ပို့ကုန်တင်ပို့သူ အသိုင်းအဝိုင်းက ဆိုပါတယ်။

ယခုလို ရွှေဈေးနှုန်း ထိန်းကျောင်းဖို့ မူဝါဒ အပြောင်းအလဲ လုပ်ဆောင်ချက် တွေဟာ ကောင်းတဲ့အရွေ့တစ်ခု ဖြစ်လာစေဖို့သာမက လုပ်ငန်းလုပ်ကိုင်သူနဲ့ ရွှေဝယ်ယူသူတွေအတွက် လုပ်သာကိုင်သာဖြစ်စေတဲ့ အရွေ့တစ်ခုဖြစ်ဖို့လည်း မျှော်လင့်တယ်လို့ ရွှေလုပ်ငန်းရှင် အသိုင်းအဝိုင်းက သိရပါတယ်။

စီးပွားရေးဖို့ ပြိုးတိုးတက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများရဲ့ တံခါးပေါက် ဖြစ်လာတဲ့ သက်မွေးပညာ

မြန်မာနိုင်ငံဟာ လုပ်သားအင်အားများပြားတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လုပ်သားတစ်ဦးချင်းစီ၏ အသိပညာ၊ စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်မှုတို့အပေါ် မူတည်ကာ အလုပ်ပတ်ဝန်းကျင်အမျိုးမျိုး၊ အလုပ် သဘာဝအမျိုးမျိုးမှာ ကျင်လည်လုပ်ကိုင်နေကြပါတယ်။

ဒီလို လုပ်ကိုင်နေကြရာမှာ ယေဘုယျအားဖြင့် ကုမ္ပဏီနဲ့ အဖွဲ့အစည်းတွေမှာ ရုံးပိုင်း စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုနဲ့ ပရော်ဖက်ရှင်နယ်အပိုင်းတွေမှာ လုပ်ကိုင် ဆောင်ရွက်ကြတဲ့ White-collar worker (ကော်လာဖြူ) လို့ခေါ်တဲ့ ဉာဏလုပ်သားတွေလည်း ရှိနေသလို တစ်ဖက်မှာလည်း စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု လက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုနှင့် ဆောက်လုပ်ရေးစသည့်ကဏ္ဍတွေမှာ Blue-collar worker (ကော်လာပြာ) လို့ခေါ်တဲ့ ကာယလုပ်သားအဖြစ် လုပ်ကိုင်နေကြတာတွေလည်း ရှိနေပါတယ်။

မြန်မာနိုင်ငံအတွင်းမှာတော့ ကော်လာပြာ လုပ်သားများပြားပြီး တော်တော်များများဟာ မိမိတို့ ကျွမ်းကျင်မှု အရည်အချင်းများကို ပိုမိုမြှင့်တင်နိုင်ဖို့အတွက် ဆက်လက်လေ့လာ သင်ကြားခြင်းမျိုးမရှိဘဲ ၎င်းတို့ရဲ့ အတွေ့အကြုံများအပေါ် မူတည်ပြီး ရှိရင်းစွဲ စွမ်းရည်တွေနဲ့ပဲ လုပ်ကိုင်နေကြသူတွေ အများအပြားရှိနေဆဲ ဖြစ်ပါတယ်။

ဒီနေရာမှာ လုပ်သားများအား လုပ်ငန်းခွင်များမှာ လိုအပ်တဲ့ ကျွမ်းကျင်မှု အရည်အချင်းများကို တိုက်ရိုက်သင်ကြားပေးနိုင်တဲ့ သက်မွေးဝမ်းကျောင်း ပညာနှင့် လေ့ကျင့်ရေး (Vocational Education and Training – VET) သင်တန်းကျောင်းများဟာ မရှိမဖြစ် အခန်းကဏ္ဍမှာ ပါဝင်လာပါတယ်။

အရေးပါလာတဲ့ သက်မွေးပညာ

ယနေ့ခေတ်မှာ မြန်မာနိုင်ငံအတွင်း စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှု လုပ်ငန်းတွေကို ခေတ်မီ နည်းစနစ်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ပြောင်းလဲ လုပ်ဆောင်လာနေပြီး နိုင်ငံတကာနှင့် ပိုမိုပူးပေါင်းဆောင်ရွက်လာတဲ့အခါမှာ ကျွမ်းကျင်မှု အရည်အချင်းမြင့်မားတဲ့ လုပ်သားများမွေးထုတ်နိုင်မည့် သက်မွေး ပညာပို့ချမှု အစီအစဉ်များဟာ များစွာအရေးပါလာပါတယ်။

လက်ရှိမှာ အဆိုပါ သက်မွေးပညာရပ်များကို ကာလရှည်တက်ရောက်ရတဲ့ ကျောင်းများနှင့် ကာလတို တက်ရောက်ရတဲ့ သင်တန်းကျောင်းများစွာအဖြစ် ဖွင့်လှစ်လျက်ရှိပြီး ၃ နှစ်ကြာ တက်ရောက်ရတဲ့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးနှင့်နည်းပညာ အထက်တန်းကျောင်းများရှိသလို ဝန်ကြီးဌာနများမှ ဖွင့်လှစ်သင်ကြားပေးတဲ့ ကာလတို သက်မွေးပညာသင်တန်းများနှင့် ပုဂ္ဂလိက သက်မွေးပညာသင်တန်းများစွာ ရှိနေပါတယ်။

အဆိုပါ သင်တန်းကျောင်းများမှာ စက်ပြင်(ဆိုင်ကယ်၊ စက်ဘီး၊ ကား၊ မော်တာ၊ အဲယား ကွန်း၊ ရေခဲသေတ္တာ)၊ လျှပ်စစ်ပြုပြင်၊ ဟိုတယ်နှင့်ခရီးသွားဝန်ဆောင်မှု၊ ဖက်ရှင်အဝတ်အထည်ချုပ်၊ ပရိဘောဂထုတ်လုပ်မှု၊ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆံပင်နှင့် အလှအပရေးရာ၊ ဗီဒီယို၊ ဓာတ်ပုံ၊ စာရင်းကိုင်၊ ဆေးဝါးနှင့် ဆေးဘက် ဆိုင်ရာအကူ၊ တရားရုံးစာရေးသင်တန်းများ၊ မုန့်ဖုတ်နှင့် အချက်အပြုတ်လုပ်ငန်း၊ ကွန်ပျူတာနှင့် နည်းပညာ စသည့် ကဏ္ဍများနှင့် သက်ဆိုင်သော လက်တွေ့ကျွမ်းကျင်မှု စွမ်းရည်များကို သင်ကြားပေးနေတယ်လို့ သိရပါတယ်။

“သက်မွေးဝမ်းကျောင်း ပညာရပ်ဆိုတာ ကျယ်ပြန့်လွန်းပါတယ်။ မတူကွဲပြားတဲ့ အလုပ်အကိုင်ပေါင်းစုံရဲ့ ကဏ္ဍတစ်ခုချင်းစီရဲ့ Round ကြီးက ကျယ်ပြန့်လွန်းပါတယ်။ လူငယ်၊ လူရွယ်တွေဟာ အတန်းပညာမှာ မထူးချွန်ခဲ့တာပဲဖြစ်ဖြစ် မိမိစိတ်ဝင်တစား ရွေးချယ်လို့ရတဲ့ သက်မွေးပညာကို Carry လုပ်ပေးသွားတဲ့ သဘောမျိုးဖြစ်ပါတယ်။ ဒီလို လုပ်ငန်းတစ်ခုစီ ကဏ္ဍအလိုက် သက်မွေးပညာကို တတ်မြောက်ထားတယ်ဆိုရင် သူတို့ကျွမ်းကျင်တဲ့ အထိုက်အလျောက် အရည်အချင်းတွေနဲ့ လိုအပ်နေတဲ့ Industrial Market အပိုင်းတွေမှာ လစာကောင်းကောင်း၊ နေရာကောင်းကောင်းတွေမှာ လုပ်ဆောင်နိုင်တဲ့ အဆင့်မျိုးတွေရှိပါတယ်။ ဒါမှမဟုတ်လည်း လူမှုစီးပွားဘဝ နယ်ပယ်မှာလည်း မိမိကျွမ်းကျင်တဲ့ သက်မွေးပညာရပ်နဲ့ ရပ်တည်ဆောင်ရွက်လို့ ရပါတယ်။ တစ်ဖက်တစ်လမ်းမှာလည်း ပြည်တွင်း MSME စီးပွားရေးထုတ်ကုန်လုပ်ငန်းတိုင်းအတွက် သက်မွေးပညာ ကျွမ်းကျင်သူများဟာ အရေးပါလွန်းနေပါတယ်”လို့ မြန်မာနိုင်ငံ ပုဂ္ဂလိက သက်မွေးပညာအသင်း (Myanmar Private TVET Association- MPTA) ဥက္ကဋ္ဌ ဦးအေးမင်းမင်းက ပြောကြားပါတယ်။

ထိုပညာရပ်များကို အတန်းပညာ မပြီးမြောက်ခဲ့သူများဟာ ကောင်းမွန်တဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် လေ့လာသင်ယူကြသလို အဆင့်မြင့်ပညာပြီးမြောက်သူများပင် သက်မွေးဝမ်းကျောင်း ပညာရပ်အသစ်အဖြစ် လေ့လာသင်ယူနေကြပြီး တစ်ဖက်မှာလည်း ဝါသနာအရ သင်ယူနေသူတွေလည်း ရှိနေပြန်ပါတယ်။







နိုင်ငံတကာရှိ ကျွမ်းကျင်အဆင့် ကော်လာပြာ လုပ်သားတို့ရဲ့ ဝင်ငွေရအခြေအနေများ

နိုင်ငံတကာရှိ ကျွမ်းကျင်လုပ်သား စွေးကွက်ကို လေ့လာကြည့်တဲ့အခါမှာ နည်းပညာနှင့် ကျွမ်းကျင်မှုမြင့်မားတဲ့ ကော်လာပြာ လုပ်သားများရဲ့ ဝင်ငွေမှာ မနည်းလှဘဲ လက်ရှိမှာတော့ အမေရိကန်၊ ဥရောပ၊ ဂျပန်နှင့် တရုတ်နိုင်ငံတို့တွင် ယေဘုယျအားဖြင့် ကျွမ်းကျင်မှုအရည်အချင်းမြင့်မားတဲ့ ကော်လာပြာ လုပ်သားများ ရှားပါးမှုရှိနေပါတယ်။

Forbes မဂ္ဂဇင်းရဲ့ စစ်တမ်း အစီရင်ခံစာအရ ဓာတ်လေ့ကား တပ်ဆင်သူများနှင့်ပြုပြင်ပေးသူများ၊ လျှပ်စစ်ပြုပြင်ထိန်းသိမ်းရေးလုပ်သားများ၊ ယာဉ်ကြော စစ်ဆေးရေးမှူးများ၊ ဆီသယ်ယူပို့ဆောင်ရေးစနစ် အော်ပရေတာများ၊ လျှပ်စစ်စက် ကိရိယာများနှင့် ဝါယာကြိုးများကို တပ်ဆင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း လုပ်သားများသည် အမေရိကန်ပြည်ထောင်စုတွင် လစာအများဆုံး ကော်လာပြာ လုပ်သား ၅ မျိုးဖြစ်ပါတယ်။

ဂျပန်နိုင်ငံမှာလည်း ကော်လာပြာ အလုပ်သမားများအကြား အကြီးတန်းနည်းပညာရှင်များ၏ အချိုးအစားမှာ ၄၀ ရာခိုင်နှုန်းခန့်ရှိပြီး ၎င်းတို့ဟာ ဂျပန်နိုင်ငံရဲ့ ကုန်ထုတ်လုပ်ငန်းကို အားကောင်းစွာ ပံ့ပိုးပေးနေတယ်လို့လည်း လေ့လာတွေ့ရှိရပါတယ်။

ထိုနည်းတူ မြန်မာလုပ်သားတွေလည်း ထိုင်းနိုင်ငံ၊ ကိုးရီးယားနိုင်ငံနှင့် ဂျပန်နိုင်ငံ စသည်တို့သို့ အဓိကသွားရောက် အလုပ် လုပ်ကိုင်နေကြတာဖြစ်တဲ့အတွက် အဆိုပါလုပ်သားများရဲ့ သက်မွေးပညာ အရည်အချင်းများဟာလည်း အဆင့်မြင့် လုပ်ငန်းခွင် စံနှုန်းများနဲ့ ကိုက်ညီနိုင်ဖို့ အလေးထားလာကြပါတယ်။

လက်ရှိမှာ နိုင်ငံအတွင်း ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းများ တည်ထောင်ဖွင့်လှစ်ပြီး လုပ်သား စွေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှု သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း၊ ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်မည့် Technical and Vocational Education and Training(TVET) အစီအစဉ်များနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး၊ ဒေသအလိုက် ပညာရှင်များစုဖွဲ့၍ အစီအမံများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် MSME များအတွက် ကျွမ်းကျင်လုပ်သား လိုအပ်မှုများကို ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း အလုပ်သမားဝန်ကြီးဌာနမှ သိရပါတယ်။

အမျိုးမျိုးသော သက်မွေးသင်တန်းကျောင်းများနဲ့ လုပ်သားမွေးထုတ်ပေးမှု

လက်ရှိ မြန်မာနိုင်ငံအတွင်းရှိ အခြေခံပညာကျောင်းများမှာ Grade – 9 အောင်မြင်ပြီးသူများ လျှောက်ထားနိုင်သည့် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (၅၆) ကျောင်း၊ အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း (၂၉) ကျောင်း၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (၃၅) ကျောင်းတို့ကို ပညာရေး ဝန်ကြီးဌာနမှ ဖွင့်လှစ်ပေးထားပြီး စာတွေ့ရော လက်တွေ့ပါ သင်ကြားပေးလျက်ရှိပါတယ်။

ဒါ့အပြင် ဟိုတယ်နှင့်ခရီး၊ စက်မှု၊ သိပ္ပံနှင့်နည်းပညာ၊ သမဝါယမ၊ အလုပ်သမား၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တို့မှလည်း သက်မွေးဝမ်းကျောင်း ပညာရပ်များနဲ့ ပတ်သက်၍ ကာလတို/ ကာလရှည် လက်တွေ့သင်တန်းများကို ပုဂ္ဂလိက ပညာရှင်များနဲ့ ပူးပေါင်း သင်ကြားပို့ချမှုများလည်းရှိပြီး လက်တွေ့လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ဖို့အတွက်ပါ ဆောင်ရွက်ပေးနေတာတွေလည်း ရှိနေတယ်လို့ သိရပါတယ်။

တစ်ဖက်မှာလည်းနိုင်ငံအနှံ့မှာပုဂ္ဂလိကသက်မွေးပညာကျောင်းများစွာရှိနေပြီး ၎င်းတို့ဟာ မြန်မာနိုင်ငံ ပုဂ္ဂလိက သက်မွေးပညာအသင်း (Myanmar Private TVET Association– MPTA) အဖြစ် ၂၀၁၄ ခုနှစ်မှာ တည်ထောင်ခဲ့ပြီး (၁၀) နှစ်အကြာ ၂၀၂၄ ခုနှစ်မှာ အသင်း၀င် သင်တန်းကျောင်းပေါင်း ၃၀၀ ကျော်ရှိလာတယ်လို့ သိရပါတယ်။ ထိုကာလအတွင်း လုပ်ငန်းကဏ္ဍများစွာအတွက် သင်ကြားပို့ချမှု ကျွမ်းကျင်သော၊ သင်ရိုး ညွှန်းတမ်းရေးဆွဲနိုင်သော၊ စီမံကိန်းများ အကောင်အထည်ဖော်နိုင်သော ဆရာ၊ ဆရာမ စုစုပေါင်း ၅၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့ပြီး ယင်းဆရာ၊ ဆရာမ များမှ တဆင့် သင်ကြားမွေးထုတ်ပေးလိုက်တဲ့ သင်တန်းသားဦးရေဟာ နှစ်စဉ် ၅,၀၀၀ မှ ၁၀,၀၀၀ ကြားရှိပြီး ၎င်းတို့ဟာ ပြည်တွင်းပြည်ပ လုပ်ငန်းခွင် အသီးသီးမှာ ဝင်ရောက် လုပ်ကိုင်လျက်ရှိနေတယ်လို့ MPTA ရဲ့ ဥက္ကဋ္ဌ ဦးအေးမင်းမင်းက ပြောကြားပါတယ်။

“လုပ်ငန်းနယ်ပယ် ကဏ္ဍအသီးသီးမှာ အစိုးရဘက်ကလည်း လေ့ကျင့်သင်ကြားပေးနေတဲ့ သင်တန်းကျောင်းတွေ အများကြီးရှိပါတယ်။ ကျွန်တော်တို့ ပုဂ္ဂလိက ဘက်မှာလည်း သင်တန်းကျောင်းတွေရှိပါတယ်။ ဒေသအလိုက် ကျွမ်းကျင်လုပ်သား မွေးထုတ်ပေးဖို့ဆိုတဲ့ ရည်ရွယ်ချက်ကတော့ အတူတူပါပဲ။ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ပေါင်းပြီး ဖွင့်လှစ်ပို့ချတာတွေလည်းရှိပါတယ်။ နောက်ပြီး ပုဂ္ဂလိကမှာက လတ်တလော စွေးကွက်လိုအပ်ချက်ရှိနေတဲ့ လုပ်ငန်းကဏ္ဍများစွာအပေါ် အပြောင်းအလဲလုပ်ပြီး လေ့ကျင့်သင်ကြားပေးတာတွေရှိတဲ့အတွက် ကွာခြားမှုတော့ရှိပါတယ်”လို့ MPTA ဥက္ကဋ္ဌ ဦးအေးမင်းမင်းက ဆိုပါတယ်။

ဒါ့အပြင် MPTA အနေနဲ့ သက်မွေးပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ရန်၊ စွမ်းဆောင်ရည်မြှင့် သင်တန်းများဖွင့်လှစ်ရန်နှင့် သင်ရိုးညွှန်းတမ်း၊ သင်တန်းနည်းပြနှင့် သင်တန်းကျောင်းများ၏ အရည်အသွေးရှိမှုကို အသိအမှတ်ပြုနိုင်ရန် Myanmar Private TVET Qualification (MPTQ)ထူထောင်ရန် ရည်ရွယ်ပြီး TVET Development Institute ကို ၂၀၂၄ ခုနှစ် ဇွန်လမှာ တည်ထောင်ဖွင့်လှစ်ထားတယ်လို့လည်း သိရပါတယ်။

ကျွမ်းကျင်လုပ်သားအဆင့်သတ်မှတ်ချက်

အစိုးရနှင့် ပုဂ္ဂလိက သက်မွေးပညာ ကျောင်းများမှ မွေးထုတ်ပေးတဲ့ သင်တန်းသားများကို အလုပ်သမားဝန်ကြီးဌာနရဲ့ မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority– NSSA)မှ လုပ်ငန်းကဏ္ဍအလိုက်အရည်အချင်းပြည့်မီမှုကိုစစ်ဆေးပြီး ကျွမ်းကျင်လုပ်သားအဖြစ် အမျိုးသားအဆင့် အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးလျက်ရှိရာ အဆိုပါ လက်မှတ်ရရှိထားသူများဟာ နိုင်ငံတကာနှင့် ချိတ်ဆက်လုပ်ဆောင်နိုင်တယ်လို့ သိရပါတယ်။

NSSA အနေနဲ့ အမျိုးသားအဆင့် ကျွမ်းကျင်မှုအရည်အချင်းမူဘောင် ချမှတ်ထားပြီး အဆင့် (၁) အသင့်အတင့် ကျွမ်းကျင်လုပ်သား၊ အဆင့် (၂) ကျွမ်းကျင်လုပ်သား၊ အဆင့် (၃) အဆင့်မြင့် ကျွမ်းကျင်လုပ်သားနှင့် အဆင့် (၄) ကြီးကြပ်သူဟူ၍ ကျွမ်းကျင်မှုအဆင့် (၄)ဆင့် သတ်မှတ်ထားပြီး ကျွမ်းကျင်မှု အသိအမှတ်ပြု လက်မှတ်များထုတ်ပေးခဲ့ရာမှာ ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁၄ ရက်နေ့အထိ ကျွမ်းကျင်မှု အဆင့်(၁) အောင်မြင်သူ ၂၅,၀၁၃ ဦး၊ အဆင့် (၂) အောင်မြင်သူ ၂,၇၃၂ ဦးနှင့် အဆင့် (၃)အောင်မြင်သူ ၇ ဦး၊ စုစုပေါင်း ၂၇,၇၅၂ ဦး ရှိပြီဖြစ်တယ်လို့ သိရပါတယ်။

ဒါ့အပြင် ၂၀၁၉ ခုနှစ်မှ ၂၀၂၄ ခုနှစ်ကြားကုန်ပိုင်းအထိ အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုစံများနှင့်အညီ လေ့ကျင့်သင်ကြားပေးတဲ့ NSSA မှတ်ပုံတင်ထားသည့် သင်တန်းကျောင်း ၂၁ ကျောင်းနှင့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရရှိထားပြီး NSSA အသိအမှတ်ပြုမှတ်ပုံတင်ထားသည့် သင်တန်းကျောင်း ၁၄ ကျောင်း ရှိပြီဖြစ်တယ်လို့လည်း သိရပါတယ်။

အလုပ်နေရာနှင့် လုပ်ငန်းနယ်ပယ် ဝင်ဆံ့မှု

လက်ရှိမှာ ပြည်တွင်း သက်မွေးပညာ သင်တန်းကျောင်းတွေမှာ တက်ရောက်ပြီး ရရှိလာတဲ့ အသိအမှတ်ပြုလက်မှတ်တွေနဲ့ လုပ်ငန်းခွင်ကြီးများတွင် ဝင်ရောက်လုပ်ကိုင်နေသူတွေ၊ ကိုယ်ပိုင်လုပ်ငန်း တည်ထောင်ပြီး အခြေအနေတစ်ခုထိ အောင်မြင်နေသူတွေများစွာ ရှိနေပါတယ်။

"သက်မွေးပညာရပ်က စီးပွားရှာလို့ရတဲ့ ပညာတစ်ခုပါ။ ကျွန်တော်တို့ စက်ပြင်တယ်။ ရေမော်တာ၊ အဲယားကွန်း လုပ်ငန်းပေါ့နော်၊ ကျွန်တော်တို့ အတန်းပညာဆိုရင် ၈ တန်းပဲ တက်ခဲ့ရပါတယ်။ အတန်းပညာရေးမှာ အဆင်မပြေတော့ ဝါသနာပါတဲ့ ရေမော်တာတို့၊ အဲယားကွန်းတို့ ပြင်တဲ့ လုပ်ငန်းလေးတွေမှာ နှစ်နဲ့ချီကြာပြီး နေစရိတ်၊ စားစရိတ်ငြိမ်းနဲ့ လစာအနည်းငယ်ရပြီး သင်ကြားခဲ့ပါတယ်။ ဒီနေ့ခေတ်လို ငွေပေးပြီးတက်ရတဲ့ ရက်တို့၊ ရက်ရှည် ပုဂ္ဂလိက၊ အစိုးရ သက်မွေးပညာကျောင်းတွေ၊ သင်တန်းတွေ တက်ရမှန်း မသိခဲ့ဘူး။ မလေ့လာခဲ့ရဘူးပေါ့နော်။ အခုခေတ်အခါမှာတော့ သင်တန်းတွေ ပေါများလာတဲ့အတွက် စနစ်တကျနဲ့ လုပ်ငန်းနယ်ပယ်မှာ ရပ်တည်နိုင်ဖို့ ပုဂ္ဂလိက ရေမော်တာ၊ အဲယားကွန်းနဲ့ သက်ဆိုင်တဲ့ သင်တန်းတွေကို လေ့လာစုံစမ်းပြီး တက်ရောက်ခဲ့ပါတယ်။ အဲဒီသင်တန်းများ Certificate ရယူပြီး လုပ်ငန်းခွင်ကြီးတွေမှာ လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။ ကွာခြားမှုက အရင်လစာက နည်းတယ်ဆိုရင် သင်တန်းတက်ပြီးမှ ရရှိတဲ့ လစာနဲ့တော့ ကွာခြားပါတယ်။ နောက်ပြီး မတတ်တဲ့ သူထက်စာရင် လစာက ပိုရတဲ့ အခြေအနေမျိုးတွေဖြစ်ပါတယ်။ နောက်ပြီး ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်ပြီး စားသောက်လို့ရတဲ့ အခြေအနေမျိုးလည်းရှိပါတယ်"လို့ ရေမော်တာစက်ပြင်၊ အဲယားကွန်းပြင် လုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးက ပြောပါတယ်။

သက်မွေးပညာရပ်များစွာဟာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အမှန်တကယ် အထောက်အကူပြုနေပြီး ကွဲပြားခြားနားတဲ့ လုပ်ငန်း ကဏ္ဍများစွာမှာ ကျွမ်းကျင်တက်မြောက်သူနဲ့ ကျွမ်းကျင်မှုမရှိသူဟာ ရာထူးအဆင့်၊ လစာ စသဖြင့် ကွာခြားမှုတွေရှိနေတယ်လို့ သက်မွေးပညာသင်တန်း တက်ရောက်ခဲ့သူများထံမှ သိရပါတယ်။

"သက်မွေးပညာဟာ အတန်းပညာနဲ့တော့ မသက်ဆိုင်ဘူးလို့တော့ မဆိုလိုပါဘူး။ အတန်းပညာ တတ်မြောက်ထားတော့ ဝေဖန်ပိုင်းခြားမှု၊ တွေးတောနိုင်မှုကို ပိုသိတော့ ပိုကောင်းတာပေါ့။ ညီမတို့ဆို အတန်းပညာတော့ အဆင့်မမြင့်ခဲ့ပါဘူး။ အထည်ချုပ်မှာ လုပ်ရင်းနဲ့ အထည်ချုပ်နဲ့ ပတ်သက်ပြီး စီးပွားလုပ်လို့ ရဖို့အတွက် လေ့လာခဲ့ပါတယ်။ ပုဂ္ဂလိက သင်တန်းကျောင်းတွေမှာလည်း သင်တန်းကြေးပေးပြီး သင်ကြားခဲ့တာတွေလည်းရှိပါတယ်။ အဲဒီကမှ တစ်ဆင့် ကိုယ်ပိုင်လုပ်ငန်း ဖက်ရှင်ပိုင်းတွေကိုလေ့လာနိုင်ဖို့ သင်တန်းတွေတက်ပြီး ကိုယ်ပိုင် ဖက်ရှင်အထည်ချုပ်ဆိုင်လေးဖွင့်နိုင်တဲ့ အခြေအနေကို ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်"လို့ လှိုင်သာယာမြို့နယ်တွင် ဖက်ရှင် အထည်ချုပ်ဆိုင်ဖွင့်လှစ်လုပ်ကိုင်နေသူတစ်ဦးက ပြောပါတယ်။

အခွင့်အလမ်းရဲ့ တံခါးပေါက်

အထက်ပါ အကြောင်းအရာများကြောင့် သက်မွေးဝမ်းကျောင်းပညာသည် လုပ်သားများ၏ ကျွမ်းကျင်မှုအဆင့်မြှင့်တင်ပေးရာမှာ အရေးကြီးရုံသာမက လူမှုစီးပွားအဆင့်အတန်း တိုးတက်ကောင်းမွန်လာစေရန်အတွက် တံခါးပေါက်တစ်ခု အဖြစ်လည်း ရှိနေတယ်ဆိုတာ တွေ့မြင်နိုင်ပါတယ်။

ဒါကြောင့် မိမိတို့ရဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တိုးတက်လိုသူများအနေနဲ့ မိမိတို့နဲ့ ကိုက်ညီတဲ့ သင်တန်းကျောင်းများတွင် စနစ်တကျ သင်ယူ၍ ကျွမ်းကျင်မှုများကို အဆင့်မြှင့်တင်ကာ ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းတွေဆီသို့ တက်လှမ်းနိုင်မှာဖြစ်ပါတယ်။

တစ်ဖက်မှာလည်း သက်မွေးသင်တန်း ကျောင်းများအနေဖြင့် လုပ်သားစွေးကွက်၏ လိုအပ်ချက်နှင့်အညီ သင်ရိုးညွှန်းတမ်းများကို အစဉ်တစိုက် အဆင့်မြှင့်တင် သင်ကြားပေးနိုင်ပါက အရည်အသွေးမြင့်မားသော လုပ်သားများ မွေးထုတ်ရာမှာ များစွာအကျိုးကျေးဇူးရရှိမှာဖြစ်ပြီး နိုင်ငံ၏ အလုပ်လက်မဲ့ ပြဿနာဖြေရှင်းရာမှာ အထောက်အကူပြုနိုင်သလို ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းများ၊ စက်မှုလက်မှု လုပ်ငန်းကြီးများနှင့် တစ်ပိုင်တစ်နိုင် လုပ်ငန်းများအတွက် အရည်အချင်းရှိသော လုပ်သားများစွာ ပေါ်ထွက်လာမှာလည်း ဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် ဆန်၊ စားအုန်းဆီ ဈေးကွက်၊ ဝန်ဆောင်မှုနှင့် စနစ်အပြောင်းအလဲများ

၂၀၂၄ ခုနှစ်အတွင်း ဆန်နှင့် စားအုန်းဆီ ဈေးကွက်မှာ ဈေးနှုန်း အတက်အကျများ၊ ဝန်ဆောင်မှု ပုံစံအသစ်များနဲ့ ထိန်းကျောင်းမှုစနစ်မျိုးစုံဖြင့် အပြောင်းအလဲများဖြစ်ပေါ်ခဲ့ပါတယ်။

ဆန်နဲ့ စားသုံးဆီဈေးနှုန်းများဟာ ၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းမှာ ပြင်ပဈေးကွက်၌ အမြင့်ဆုံးသို့ ရောက်ရှိခဲ့တာကြောင့် ဈေးနှုန်းများတည်ငြိမ်ရေးအတွက် ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီမှ ကုန်သည်လုပ်ငန်းရှင်များနဲ့ ပူးပေါင်း၍ မူဝါဒများချမှတ်ကာ ရည်ညွှန်းဈေးနှုန်းများ သတ်မှတ်ရောင်းချပေးခဲ့ပါတယ်။

တစ်နှစ်အတွင်း ဈေးကွက်အခြေအနေ

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် (MRF) မှ ၂၀၂၄ ခုနှစ်အတွင်း ထုတ်ပြန်သော စာရင်းများအရ ဆန်ချော ဈေးကွက်အတွင်း ရွှေဘိုပေါ်ဆန်း ထူးရှယ်ဆန် ၂၄ ပြည်ဝင် တစ်အိတ်ကို ဧန်နဝါရီလတွင် ၁၃၅,၀၀၀ ကျပ်ရှိခဲ့ရာမှ မေလမှာ ဈေးအမြင့်ဆုံး ၁၆၀,၀၀၀ ကျပ် အထိရှိခဲ့ပြီး နိုဝင်ဘာလမှာတော့ ၁၅၀,၀၀၀ ကျပ်သို့ရောက်ရှိခဲ့ပါတယ်။

ထို့အတူ မြောင်းမြပေါ်ဆန်းဟာ ၂၄ ပြည်ဝင်တစ်အိတ်ကို ဧန်နဝါရီလမှာ ၁၁၀,၀၀၀ ကျပ်ကနေ မေလမှာ ၁၃၅,၀၀၀ ကျပ်သို့ မြင့်တက်ခဲ့ပြီး နိုဝင်ဘာလမှာ ၁၂၅,၀၀၀ ကျပ်သို့ လည်းကောင်း၊ ပေါ်ဆန်းနယ်စုံ ဆန်အုပ်စုမှာလည်း ဧန်နဝါရီလမှာ ၁၀၀,၀၀၀ ကျပ်မှ မေလတွင် ၁၂၈,၀၀၀ ကျပ် အထိရှိခဲ့ပြီး နိုဝင်ဘာလတွင် ၁၁၀,၀၀၀



(အထက်ပါဈေးနှုန်းများဟာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)မှထုတ်ပြန်သော အမြင့်ဆုံးသတ်မှတ်ဈေးများကို ကောက်နှုတ်ဖော်ပြထားခြင်း ဖြစ်ပါတယ်။)

သို့လည်းကောင်း၊ ကြားပျံပေါ်ဆန်း ဆန်မှာလည်း ဇန်နဝါရီလမှာ ၁၁၅,၀၀၀ ကျပ်မှ မေလမှာ ၁၄၀,၀၀၀ ကျပ်သို့ရောက်ရှိခဲ့ပြီး နိုဝင်ဘာလတွင် ၁၃၅,၀၀၀ ကျပ်သို့လည်းကောင်း အသီးသီး ရောက်ရှိခဲ့ပါတယ်။

ဒါ့အပြင် ဆန်ကြမ်းဈေးကွက်အတွင်းမှာလည်း ဇန်နဝါရီလနှင့် နိုဝင်ဘာလ ဈေးနှုန်းများကို နှိုင်းယှဉ်ပါက လူအများဆုံး စားသုံးကြတဲ့ ရက် ၉၀ ဆန်အမျိုးအစား ၂၄ ပြည်ဝင်တစ်အိတ်ကို ၈၅,၀၀၀ ကျပ်ကနေ ၉၇,၀၀၀ ကျပ်သို့ လည်းကောင်း၊ ဧည့်မထ ဆန်ရှယ်မှာလည်း ၇၆,၀၀၀ ကျပ်ကနေ ၈၁,၀၀၀ ကျပ်သို့ လည်းကောင်း၊ သီးထပ်ယဉ်ဆန်ရှယ်ဟာ ၄၄,၀၀၀ မှ ၇၆,၀၀၀ ကျပ်သို့ လည်းကောင်း အသီးသီး ရောက်ရှိခဲ့ပါတယ်။

စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ စာရင်းများအရ ယခုနှစ် နှစ်ဆန်းပိုင်းတွင် စားအုန်းဆီ တစ်ပိဿာကို ၅၃၀၀ ကျပ် ဝန်းကျင်ရှိခဲ့ရာမှ ဩဂုတ်လတွင် ၆၅၀၀ ကျပ် ဝန်းကျင်သို့ ရောက်ရှိခဲ့ပြီး နိုဝင်ဘာလ ကုန်ပိုင်းမှာတော့ ကျပ် ၇၂၀၀ ကျော်သို့ ရောက်ရှိခဲ့ပါတယ်။



(အထက်ပါဈေးနှုန်းများဟာ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)မှထုတ်ပြန်သော အမြင့်ဆုံးသတ်မှတ်ဈေးများကို ကောက်နှုတ်ဖော်ပြထားခြင်း ဖြစ်ပါတယ်။)

ဈေးကွက်ထိန်းကျောင်းမှု

၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်း၌ ဆန်စပါးဈေးနှုန်းများ အဆမတန်မြင့်တက်နေမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အနေနဲ့ တာဝန်ရှိသူများအား ခေါ်ယူ၍ လိုအပ်သည်များမေးမြန်းဆွေးနွေးတာတွေ ပြုလုပ်ခဲ့သလို MRF မှ လစဉ် ထုတ်ပြန်တဲ့ သင့်တင့်မျှတသော ဈေးကွက်ဈေးနှုန်းများထက် ၅၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းနှင့် ၃၁ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအထိ ပိုမိုရောင်းချခဲ့တဲ့ ဆန်စပါးလုပ်ငန်းရှင်များကို အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ-၅ အရ အရေးယူခဲ့တဲ့ ဖြစ်စဉ်မျိုးတွေလည်း ရှိခဲ့ပါတယ်။

ဒါကြောင့် ဆန်ဈေးနှုန်းများ သတ်မှတ်ထိန်းကျောင်းမှုအနေဖြင့် ဆန်အမျိုးအစားအသစ်များကို ထုပ်ပိုးရောင်းချပါက လက်ကားရည်ညွှန်းဈေးပေါ်တွင် အိတ်ခွံတန်ဖိုး၊ ဈေးအရောင်းဆိုင်သို့ ပေးရမည့် ၈ ရာခိုင်နှုန်း ထက်မပိုသော ဝန်ဆောင်စရိတ်၊ ၃ ရာခိုင်နှုန်းထက်မပိုသော သယ်ယူ/သိုလှောင်စရိတ်နှင့် ၄ ရာခိုင်နှုန်းထက် မပိုသော ထုတ်လုပ်သူ အကျိုးအမြတ်တို့ဖြင့် တွက်ချက် ဆောင်ရွက်ရမှာဖြစ်တယ်လို့လည်း MRF က ထုတ်ပြန်ထားပါတယ်။

ဒါ့အပြင် စားအုန်းဆီရောင်းချသူများအနေနဲ့လည်း သယ်ယူပို့ဆောင်စရိတ်နဲ့ အမြတ် ၂ ရာခိုင်နှုန်းဖြင့်သာ ရောင်းချဖို့အပြင် တခြားဆီတွေနဲ့ ရောနှော ရောင်းချတာတွေမလုပ်ဖို့ စားသုံးသူရေးရာဦးစီးဌာနက သတိပေးထုတ်ပြန်ထားခဲ့ပြီး ဇွန်လ အတွင်းမှာ စားအုန်းဆီ ဈေးနှုန်းမြင့်တင်ရောင်းချသူများကို အရေးယူခဲ့ပါတယ်။

ကိုယ်စားလှယ်ဆိုင်များနဲ့ Door to Door စနစ်တို့ဖြင့် ရောင်းချခြင်း

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)၊မြန်မာနိုင်ငံဆန်စပါးကုန်သည်များသင်း(Myanmar Rice)နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း (MEODA)တို့မှ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတို့ရှိ အသင်းဝင်ဆိုင်များမှ လည်းကောင်း၊ အိမ်တိုင်ရာရောက် Door to Door စနစ်ဖြင့်လည်းကောင်း ရောင်းချပေးခဲ့ပါတယ်။

MRF အနေနဲ့ ဇွန်လအတွင်းမှ စတင်ပြီး နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့ရှိ ဆန်ဆိုင်ပေါင်း ၂၈၆ ဆိုင်နဲ့ ဈေးဝယ်စင်တာများ၊ Supermarket များ၊ Mini Mart များမှာ သင့်တင့်မျှတသော ရည်ညွှန်းဈေးနှုန်းများဖြစ်တဲ့ အထူးဧည့်မထ (10 Kg) (၅ ပြည်ခန့်) တစ်အိတ်လျှင် (၁၅၀၀၀) ကျပ်၊ ပေါ်ဆန်း (10 Kg) (၅ ပြည်ခန့်) တစ်အိတ်လျှင် (၂၅၀၀၀) ကျပ်ဖြင့် ရောင်းချပေးခဲ့ပါတယ်။

ဒဲ့အပြင် အိမ်ထောင်စုများထံ ဆန်များ အိမ်အရောက် ဖြန့်ဖြူးခြင်း Door to Door စနစ်ကို ဇူလိုင်လဆန်းမှ စတင်ကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း Cash on Delivery (ပစ္စည်းရောက် ငွေချေ)စနစ်ဖြင့် ရောင်းချပေးခဲ့ပြီး နေပြည်တော်၊မန္တလေး၊မော်လမြိုင်နှင့် တောင်ကြီးတို့တွင်လည်း အိမ်အရောက်ပို့စနစ်ကို ဆက်လက်ဆောင်ရွက်ပေးခဲ့တယ်လို့ သိရပါတယ်။

ထို့အတူ MEODA အသင်းအနေနဲ့လည်း ရည်ညွှန်းဈေးနှုန်းများဖြင့် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ ခရိုင်(၁၄)ခရိုင် မြို့နယ်ပေါင်း ၄၄ မြို့နယ်မှ ရပ်ကွက်/ကျေးရွာများတွင် စားသုံးဆီဝယ်ယူခွင့်ကို စာအုပ်များဖြင့်ရောင်းချ ပေးလျက်ရှိသလို ဩဂုတ်လမှ စတင်ပြီး Door to Door စနစ်နဲ့ Call Center များထားကာ တစ်အိမ်ထောင်ကို တစ်လအတွက် တစ်ကြိမ်လျှင် ဆီ ၂ ဒသမ ၇၅ ပိဿာနှုန်းနဲ့ ဆီဘူး ပုံစံ ၅ လီတာဘူးဖြင့် ဖြန့်ဖြူးပေးလျက်ရှိပါတယ်။







(အထက်ပါဈေးနှုန်းများဟာ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီရဲ့ လစဉ်အမြင့်ဆုံးဈေးနှုန်းများကို ကောက်နှုတ်ဖော်ပြထားတာ ဖြစ်ပါတယ်။)

မြန်မာလူငယ်များနှင့် အိမ်နီးချင်းနိုင်ငံများရဲ့ ပညာသင်ဆုများ

ယနေ့ခေတ်မှာ မြန်မာလူငယ်ကျောင်းသားတွေအကြား ပညာရေးနှင့်ဘဝ ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ဖို့ ပြည်တွင်းသာမက ပြည်ပသို့ သွားရောက်လေ့လာသင်ယူနေကြပါတယ်။

တစ်နေ့ထက်တစ်နေ့ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်မီ နည်းပညာတွေကို ခေတ်ကာလအချိန်အခါနဲ့အညီ လိုက်ပါသိရှိနေဖို့ဟာ အရေးကြီးပါတယ်။ ပညာသင်ရှယ်လူငယ်တွေဟာ မိမိတို့ရဲ့ စိတ်ပါဝင်စားမှုနဲ့ ကိုက်ညီတဲ့ ဘာသာရပ်အလိုက် အသိပညာ၊ အတတ်ပညာများကို အခြေခံအဆင့်မှ လုပ်ငန်းခွင်ဝင်ရောက်နိုင်သည်အထိ လက်လှမ်းမီတဲ့ ပညာရေးပန်းတိုင်များ ကိုရွေးချယ်လာကြပါတယ်။

ပြည်တွင်းပြည်ပက ပညာသင်အခွင့်အလမ်းများစွာရှိတဲ့အနက် ယခုနောက်ပိုင်းတွင် ပညာသင်ဆု ရွေးချယ်မှုဟာလည်း လူငယ်တို့အကြား ရေပန်းစားပြီး မိမိတို့ဘဝ ပိုမိုတိုးတက်ဖို့နှင့် အနာဂတ် လုပ်ငန်းခွင်သို့ဝင်ရောက်တဲ့ အခါမှာ မိမိတို့သင်ယူတတ်မြောက်ထားတဲ့ ပညာရပ်အလိုက် ပါဝင်လုပ်ဆောင်နိုင်ဖို့စတဲ့ အခြေအနေများကို သုံးသပ်၍ စဉ်းစားတွက်ချက်ပြီး လက်တွေ့ကျကျ ပညာသင်ဆုအမျိုးအစားများကို ဦးစားပေးရွေးချယ်လာကြပါတယ်။

လူငယ်များအနေနဲ့ ပညာသင်ဆုများကို ပြည်တွင်းမှာ လျှောက်ထားနိုင်သလို အချို့လူငယ်များကတော့ ပညာသင်စရိတ်နှင့် ပညာသင်ကာလနေထိုင်ရေး အဆင်ပြေနိုင်မယ့် အိမ်နီးချင်းနိုင်ငံတွေကို သွားရောက်ပညာသင်ယူဖို့ ရွေးချယ်လုပ်ဆောင်ကြပါတယ်။

ပညာသင်ဆုအမျိုးအစားပေါင်းများစွာရှိတဲ့အနက် မြန်မာလူငယ်ကျောင်းသားတွေအတွက် အသုံးဝင်ပြီး အကျိုးရှိမယ့် ပညာသင်ဆုအမျိုးအစားတွေကို အကြမ်း ဖျင်းအားဖြင့် Government Scholarship နဲ့ Institutional Scholarship ဆိုပြီး အုပ်စု ၂ ခု ခွဲလို့ရပါတယ်။ အဆိုပါ ပညာသင်ဆုများဟာ ပြည်တွင်းက ဘွဲ့ကြိုနှင့် ဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူများအတွက် အသုံးဝင်စေတဲ့ ပညာသင်ဆုများဖြစ်တယ်လို့လည်း ပညာရေးအသိုင်းအဝိုင်းက သိရပါတယ်။

Government Scholarship

အစိုးရမှပေးအပ်တဲ့ ပညာသင်ဆု Government Scholarship တွေဟာ ဖွံ့ဖြိုးပြီး နိုင်ငံများမှ ဖွံ့ဖြိုးဆဲ နိုင်ငံများရှိ ကျောင်းသားများကို ပေးအပ်တဲ့ ပညာသင်ဆုတွေပဲ ဖြစ်ပါတယ်။ ဒီပညာသင်ဆုတွေကို အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအစိုးရအဖွဲ့တွေက ပေးအပ်လေ့ရှိပြီး သံတမန်ဆက်ဆံရေးခိုင်မြဖို့၊ ယဉ်ကျေးမှု ဖလှယ်ဖို့နဲ့ အရည်အချင်းရှိသူများကို ဆွဲဆောင်ဖို့ရည်ရွယ်ကာ ပေးလေ့ရှိတယ်လို့ သိရပါတယ်။

Institutional Scholarship

အစိုးရပညာသင်ဆု (Government Scholarship) များအပြင် အခြားအတွေ့ရများတဲ့ ပညာသင်ဆုများကတော့ Institutional Scholarship တွေပဲဖြစ်ပြီး ဒီပညာသင်ဆုတွေကတော့ အစိုးရက ပေးအပ်တာမဟုတ်ဘဲ သက်ဆိုင်ရာကျောင်းတွေ၊ တက္ကသိုလ်တွေကနေ ပေးအပ်တဲ့ ပညာသင်ဆုတွေဖြစ်ကာ ထပ်ပြီးတော့ အမျိုးအစားခွဲလို့ရသေးတယ်လို့ သိရပါတယ်။

အစိုးရပဲဖြစ်ဖြစ် အဖွဲ့အစည်းများကပဲဖြစ်ဖြစ် ပေးအပ်တဲ့ ပညာသင်ဆုအမျိုးအစားအလိုက် Fully-funded နဲ့ Partially-funded ဆိုပြီး ထပ်ခွဲလို့ရပါတယ်။ ပညာသင်ဆုလျှောက်တဲ့အခါ ဒါကိုတစ်ခါတည်း ကြည့်ဖို့လိုအပ်တယ်လို့ ပညာရေးအသိုင်းအဝိုင်းက သိရပါတယ်။

Fully-funded Scholarship

Fully-funded Scholarship တွေကို မြန်မာကျောင်းသားတွေအရွေးများပြီး နာမည်နဲ့အညီ ကျောင်းသားဘက်က ငွေကြေးစိုက်ထုတ်စရာမလိုအပ်ဘဲ အစစ အရာရာတာဝန်ယူပေးတဲ့ ပညာသင်ဆုအမျိုးအစားဖြစ်သလို အပြိုင်အဆိုင်လည်းများပြီး အခက်ခဲဆုံး ပညာသင်ဆုအမျိုးအစားတွေဖြစ်ပါတယ်။ သို့ပေမယ့် ပြင်ဆင်မှုကောင်းရင်တော့ ဘယ်သူမဆို ရရှိနိုင်တယ်လို့ ယင်းပညာသင်ဆုအမျိုးအစားကို လျှောက်ထားဖူးသူအချို့ထံက သိရပါတယ်။

အဆိုပါ ပညာသင်ဆုရဲ့ အဓိက ခံစားခွင့်တွေကတော့ Tuition Fees ၊ Living Expenses၊ Travel Costs၊ Health Insurance တွေအပြင် အခြားမတူညီတဲ့ ခံစားခွင့်တွေလည်းရှိနေသေးတယ်လို့ သိရပါတယ်။

ကျောင်းသားတစ်ဦးက “New Zealand အစိုးရ ပေးအပ်တဲ့ MANAAKI



ပညာသင်ဆုဟာ ဖော်ပြပါ ခံစားခွင့်တွေအပြင် သူတို့ရွေးချယ်လိုက်တဲ့ ကျောင်းသား အတွက် IELTS စာမေးပွဲကြေးပါ ထုတ်ပေးပြီး အဲ့ဒီစာမေးပွဲဖြေဖို့ ခရီးသွားရရင်လည်း reimburse လုပ်ပေးပါတယ်။ ဒါ့အပြင် visa process တစ်လျှောက်ကုန်ကျတဲ့ ဆေးစစ်ခ၊ ဗီဇာကြေးအစရှိတဲ့ အဝိုးအခတွေကိုလည်း အကုန်ပြန်လွှဲပေးတဲ့အထိ အကျိုးကျေးဇူးရှိပါတယ်”လို့ ပြောပါတယ်။

မြန်မာကျောင်းသားတွေကြား ရေပန်းစားတဲ့ Fully-funded Scholarship တွေကတော့ အမေရိကန်နိုင်ငံက ပေးအပ်တဲ့ Fulbright Program ၊ ဖြိတိန်နိုင်ငံက ပေးအပ်တဲ့ Chevening Scholarship ၊ ဂျာမနီမှ DAAD Scholarship ၊ နယူးဇီလန်မှ Manaaki New Zealand Scholarship တို့ဖြစ်ပြီး ဩစတြေးလျမှ Australian Awards ကိုလည်း လူစိတ်ဝင်စားမှုများသလို ယင်းပညာသင်ဆုအနေနဲ့ အပြည့်အဝ ရော၊ တစ်စိတ်တစ်ပိုင်းရော ၂ မျိုးလုံး ထောက်ပံ့ပေးအပ်နေကာ အခြားကျန်တဲ့ Fully-funded scholarship တွေလည်း အများကြီးရှိသေးတယ်လို့ ပညာရေး အသိုင်းအဝိုင်းက သိရပါတယ်။

Partially-Funded Scholarship

ဒီအမျိုးအစားကတော့ ပညာသင်စရိတ်၊ ကုန်ကျစရိတ်ရဲ့ တချို့တစ်ဝက်ကို ပညာသင်ဆုကနေ ခံစားရမှာဖြစ်ပြီး ကျန်တချို့တစ်ဝက်ကိုတော့ ကိုယ်က စိုက်ထုတ်ပြီး တက်ရမှာဖြစ်ကာ တချို့ ပညာသင်ဆုတွေဟာ Tuition Fee ရဲ့ ၅၀ ရာခိုင်နှုန်း သို့မဟုတ် ၇၀ ရာခိုင်နှုန်းအထိ အကျိုးခံစားရမှာဖြစ်ပြီး Tuition Fee လုံးဝမပေးရတာ မျိုးလည်းဖြစ်နိုင်ကာ Living Allowance ၊ Travel Grants နှင့် Health Insurance များကတော့ မပါဝင်ဘဲ မိမိစရိတ်နဲ့ ကုန်ကျတာမျိုးရှိတယ်လို့ သိရပါတယ်။

ထို့အပြင် မြန်မာနိုင်ငံအတွက် အမေရိကန်၊ ဖြိတိန် နှင့် ဥရောပ နိုင်ငံများစွာက ပညာသင်ဆုတွေ ပေးအပ်နေသလို အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ တရုတ်နှင့် ထိုင်းနိုင်ငံများမှ ပညာသင်ဆု အမျိုးအစားများစွာကို ပိုမိုပေးအပ် လာနေပါတယ်။

တရုတ်နိုင်ငံရဲ့ ပညာသင်ဆုများ

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံအတွက် အဓိုးရ ပညာသင်ဆုများဖြစ်သည့် Chinese Government Scholarship (CGS)၊ Chinese Scholarship Council (CSC)၊ Youth Excellent Scholarship (YES) နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာန(MOFCOM)တို့မှ ပညာသင်ဆုများကို နှစ်စဉ် ကမ်းလှမ်းလျက်ရှိပြီး မြန်မာကျောင်းသား အနည်းဆုံး (၅၀၀) ဦးခန့် ပညာသင်ထောက်ပံ့ကြေးအမျိုးမျိုး ဖြင့် တရုတ်နိုင်ငံ၌ ပညာသင်ကြားနေကြကြောင်း သိရပါတယ်။

ပြီးခဲ့တဲ့သြဂုတ်လ ၂၇ရက်နေ့ကလည်း မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce – MOFCOM) ပညာတော်သင်ဆုပေးအပ်ပွဲ အခမ်းအနားကို ကျင်းပခဲ့ပြီး အဆိုပါ ပညာတော်သင်ဆုဟာ မြန်မာနိုင်ငံကို ခေတ်မီသော အသိပညာ၊ ကျွမ်းကျင်မှုရှိသော ပညာရှင်နှင့် စိမံခန့်ခွဲရေးပညာရှင်များ ပြုစုပျိုးထောင်ပေးရန် ရည်ရွယ်၍ပေးအပ်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါ ကမ်းလှမ်းခဲ့မှုများအဖြစ် ၂၀၂၃ ခုနှစ်တွင် ပါရဂူဘွဲ့ ၁၄ ဦးနှင့် မဟာဘွဲ့ ၅၁ ဦး၊ ၂၀၂၄ ခုနှစ်တွင် ပါရဂူဘွဲ့ ၇ ဦးနှင့် မဟာဘွဲ့ ၆၅ ဦး ရွေးချယ်ပေးအပ်ခဲ့သဖြင့် ဝင်ခွင့်ရရှိခဲ့သည့် ကျောင်းသားဦးရေဟာ အာရှတွင် ပထမဖြစ်ကြောင်း သိရပါတယ်။

ထို့အပြင် မြန်မာနိုင်ငံ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဘွဲ့ကြို၊ ဘွဲ့လွန် ကျောင်းသား၊ ကျောင်းသူ (၁၀၇) ဦးအား တရုတ်နိုင်ငံရဲ့ Yuntianhua Groupမှ ပေးအပ်တဲ့ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် “Yuntianhua Scholarship”ကို ပြီးခဲ့တဲ့ ဇူလိုင် ၁၅ရက်က ပေးအပ်ခဲ့ပြီး ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိပညာသင်နှစ် သုံးနှစ်အတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ (၂၉၀၀၀)နှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၁၆၂)ဦးကိုလည်းကောင်း၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ (၁၃၂) ဦးကိုလည်းကောင်း ပေးအပ်ထားပါတယ်။

နောက်ပိုင်း၌ မြန်မာနိုင်ငံသား ကျောင်းသားကျောင်းသူများအတွက် ပညာသင် ထူးချွန်ဆုနှင့် ထောက်ပံ့ကြေးများကို တရုတ်နိုင်ငံမှ ပိုမိုပေးအပ်သွားမှာဖြစ်ပြီး ပညာရေးကဏ္ဍအတွက် တရုတ်နိုင်ငံဘက်မှ ပြည်နယ် အဆင့်ရော၊ ဗဟို အဆင့်မှာပါ ပညာသင်တွေ ပိုမိုခေါ်ယူသွားဖို့ရှိတယ်လို့လည်း သိရပါတယ်။

ထိုင်းနိုင်ငံရဲ့ ပညာသင်ဆုများ

မြန်မာနိုင်ငံနှင့်နီးခြင်း၊ နိုင်ငံတကာအသိအမှတ်ပြု ဘွဲ့ဒီဂရီများကို ဗီဇာအခက်အခဲမရှိ အချိန်မီ လျှောက်ထား သင်ယူနိုင်ခြင်းစတဲ့ အချက်တွေကြောင့် ၂၀၂၂ ခုနှစ်မှစ၍ ထိုင်းနိုင်ငံတွင် ပညာသင်ကြားဖို့ ပိုမိုစိတ်ဝင်တစားရွေးချယ်လာကြပါတယ်။

ထိုင်းဟာမြန်မာရဲ့အိမ်နီးချင်းဖြစ်နေတာ၊ ပညာသင် ကုန်ကျစရိတ်ကွာဟချက်မများတာ၊ ရွေးချယ်ဖို့ ပညာရပ်တွေများတာကြောင့် မြန်မာကျောင်းသားလူငယ်တွေ အများဆုံး ရွေးချယ်ကြတဲ့ ပညာရှာရပ်ဝန်းလည်း ဖြစ်လာပါတယ်။

သို့ပေမယ့် ထိုင်းနိုင်ငံရဲ့ပညာသင်ဆုများဟာ ပညာသင်ကြေး (ကျောင်းလခ) စရိတ်တစ်ဝက်ခန့်ကိုပဲ ကာမိသလို နေထိုင်စားသောက်တဲ့စရိတ်တွေနဲ့ တစ်ကိုယ်ရေကုန်ကျတဲ့ အထွေထွေစရိတ်တွေကို ကိုယ်ပိုင်ငွေကြေးနဲ့ သုံးစွဲနေရတာကြောင့် အခက်အခဲတွေကတော့ ရှိနေတယ်လို့ ထိုင်းနိုင်ငံမှာ ပညာသင်ကြားနေတဲ့ မြန်မာကျောင်းသားအသိုင်းအဝိုင်းက သိရပါတယ်။

အလားတူ ထိုင်းမှာ ပညာရေးဗီဇာနဲ့ ကျောင်းတက်နေတဲ့နိုင်ငံခြားသား ကျောင်းသားတွေဟာ အချိန်ပိုင်း အလုပ်လုပ်ခွင့်လည်းမရှိတာကြောင့် မြန်မာက မိသားစုက အထွေထွေစရိတ်အတွက် လှမ်းပြီး ထောက်ပံ့နေရတဲ့အခြေအနေလည်း ရှိနေတယ်လို့ သိရပါတယ်။

ဒါကြောင့် ပြည်ပကျောင်းတွေကပေးတဲ့ ပညာသင်ဆု အမျိုးအစားတွေအလိုက် ကျောင်းလခ တချို့တစ်ဝက်အတွက် သက်သာပေမယ့် နေထိုင်စရိတ်တွေနဲ့ အထွေထွေကုန်ကျစရိတ်ဒဏ်တွေကြောင့် မြန်မာကျောင်းသားတွေဟာ ကျောင်းလခနဲ့ နေထိုင်စရိတ်သက်သာတဲ့ နိုင်ငံတွေကို အားထားပြီး ပညာသင်ဆု လျှောက်နေကြရတယ်လို့ မြန်မာကျောင်းသား အသိုင်းအဝိုင်းက ဆိုပါတယ်။

မည်သို့ဆိုစေ မြန်မာနိုင်ငံအတွက် ကမ်းလှမ်းလာသည့် ပညာသင်ဆုများတွင် ပညာရေး၊ စီမံခန့်ခွဲမှု၊ ပြည်သူ့ရေးရာမူဝါဒများ၊ နိုင်ငံတကာ ဆက်ဆံရေး၊ စီးပွားရေး၊ စာရင်းအင်းနှင့် ဥပဒေစသည့် ဘာသာရပ်များ စုံလင်စွာ ပါဝင်သဖြင့် မြန်မာပညာတော်သင်များ၏ စွမ်းရည်ကို မြှင့်တင်ရာတွင်များစွာ အထောက်အကူပြုလျက်ရှိပါတယ်။

GMS အဖွဲ့ဝင် ၅ နိုင်ငံကို “လန်ချန်း-မဲခေါင်ဗီဇ” ထုတ်ပေးလျက်ရှိ

ယခုနှစ် နိုဝင်ဘာလမှစတင်ကာ မဟာမဲခေါင်ဒေသခွဲ (Greater Mekong Subregion – GMS) အဖွဲ့ဝင်နိုင်ငံ ၅ နိုင်ငံဖြစ်တဲ့ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့ကို “လန်ချန်း-မဲခေါင် ဗီဇ”များ ထုတ်ပေးလျက်ရှိတယ်လို့ သိရပါတယ်။

အဆိုပါဗီဇကို သတ်မှတ်ချက်နှင့်ကိုက်ညီတဲ့ မြန်မာနိုင်ငံ စီးပွားရေးကုန်သည်များနှင့် ၎င်းတို့ရဲ့ အိမ်ထောင်ဖက်၊ သားသမီးများအား သက်တမ်းအကြာဆုံး ၅ နှစ် အတွင်း တရုတ်နိုင်ငံသို့ အကြိမ်များစွာ လာရောက်နိုင်သော (Multiple Entry) ဖြင့် အကြာဆုံး ရက်ပေါင်း ၁၈၀ အထိ နေထိုင်နိုင်သော သက်ဆိုင်ရာဗီဇာ အမျိုးအစားများကို နိုဝင်ဘာ ၁၈ ရက်မှ စ၍ ခွင့်ပြုပေးခဲ့ကြောင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ ထုတ်ပြန်ထားပါတယ်။

ထိုသို့ ဗီဇာခွင့်ပြုမှုကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကူမင်းမြို့မှာ နိုဝင်ဘာလ ၇ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (8th Greater Mekong Subregion (GMS) Summit) မှာ တရုတ်နိုင်ငံဝန်ကြီးချုပ် Li Qiang က ကြေညာခဲ့တာဖြစ်ပြီး GMS အဖွဲ့ဝင် ၆ နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများအဆင့်မြှင့်တင်ဆောင်ရွက်သွားမယ်လို့လည်း ပြောကြားခဲ့ပါတယ်။

အဆိုပါ အစည်းအဝေးသို့ မြန်မာနိုင်ငံမှ နစကဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်လည်း တက်ရောက်ခဲ့သလို (၁၀) ကြိမ်မြောက် ဧရာဝတီ – ကျောက်ဖရား – မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေး (10th Ayeyawady-Chao Phraya-Mekong Economic Cooperation Strategy (ACMECS) Summit) နှင့် (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို – မြန်မာ – ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေး (11th Cambodia – Lao PDR – Myanmar – Vietnam (CLMV) Summit) တို့သို့လည်း ပါဝင်တက်ရောက်ခဲ့ပြီး တရုတ် – မြန်မာနှစ်နိုင်ငံအကြား နားလည်မှုစာချွန်လွှာနှင့် သဘောတူစာချုပ် ၇ ခု ကို လဲလှယ်ခဲ့ကြတယ်လို့လည်း သိရပါတယ်။



အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကျင်းပနေစဉ်
(ဓာတ်ပုံ -ဆင်ဟွာ)

နှစ်လယ်ကျောက်မျက်ရတနာပြပွဲမှာ ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၂၀၀ ကျော် ရောင်းချခဲ့ရ

(၁၀) ရက်ကြာ ကျင်းပပြုလုပ်ခဲ့တဲ့ ၂၀၂၄ ခုနှစ် မြန်မာ့နှစ်လယ် ကျောက်မျက်ရတနာပြပွဲမှာ ပုလဲ၊ ကျောက်မျက်နှင့် ကျောက်စိမ်းအတွဲ စုစုပေါင်း ၄၂၃၆ တွဲအထိ ရောင်းချခဲ့ရကြောင်း မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပ ရေးဗဟိုကော်မတီထံမှ သိရပါတယ်။

အဆိုပါပြပွဲကို နေပြည်တော်ရှိ မဏ္ဍိရတနာ ကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၁၈ ရက်နေ့မှ ၂၇ ရက်နေ့အထိကျင်းပပြုလုပ်ခဲ့တာဖြစ်ပြီး ပြပွဲအတွင်း အိတ်ဖွင့်တင်ဒါ စနစ်ဖြင့် ပုလဲအတွဲ ၂၈၀ တွဲရှိတဲ့အနက်မှ ၂၀၈ တွဲကိုလည်းကောင်း၊ ကျောက်မျက်အတွဲ ၁၆၀ တွဲ ရှိတဲ့အနက်မှ ၆၂ တွဲကိုလည်းကောင်း၊ ကျောက်စိမ်းအတွဲ ၄၈၀၀ တွဲရှိတဲ့အနက် ၃၉၆၆ တွဲကိုလည်းကောင်း၊ စုစုပေါင်း ၄၂၃၆ တွဲအထိ အသီးသီးရောင်းချနိုင်ခဲ့တာဖြစ်ပါတယ်။

ရောင်းချရာမှာလည်း ပုလဲအတွဲများကို နိုဝင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်နေ့တို့တွင်လည်းကောင်း၊ ကျောက်မျက်အတွဲများကို နိုဝင်ဘာ ၂၁ ရက်တွင်လည်းကောင်း ရက်အလိုက် ရောင်းချပေးခဲ့တာ ဖြစ်ပါတယ်။

ဒါ့အပြင် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ တွဲကိုတော့ အုပ်စု (A)၊ (B)၊ (C)ခွဲခြားထားပြီး အုပ်စု (A)နှင့် (B) ရှိ ကျောက်စိမ်းအတွဲ ၂၅၅၉ တွဲအနက်မှ ၁၈၂၃ တွဲကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်နေ့အထိ ရောင်းချခဲ့ရကြောင်းနှင့် အုပ်စု (C)ရှိ ကျောက်စိမ်း အတွဲ ၂၂၄၁ တွဲမှ ၂၁၄၃ တွဲကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်နေ့အထိ ရောင်းချခဲ့ရကြောင်း၊ ဒါ့ကြောင့် စုစုပေါင်းကျောက်စိမ်းအတွဲ ၃၉၆၆ တွဲ အထိ ရောင်းချနိုင်ခဲ့တာဖြစ်တယ်လို့ ကော်မတီရဲ့ တာဝန်ရှိသူ တစ်ဦးက ပြောကြားပါတယ်။

ပြပွဲအတွင်းမှာ ပုလဲအတွဲနှင့် ကျောက်မျက် အတွဲများကို အမေရိကန်ဒေါ်လာဖြင့် ကြိမ်းခင်းစျေး သတ်မှတ်ထားပြီး ဝယ်ခွင့်ရရှိတဲ့ ပြည်ပရတနာကုန်သည်များအနေနဲ့ အမေရိကန်ဒေါ်လာ၊ ယူရို၌၊ ယွမ်၌၊ ထိုင်းဘတ်၌နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြား၌အမျိုးအစားများဖြင့်လည်းကောင်း၊ ပြည်တွင်းရတနာ ကုန်သည်များအနေဖြင့် အုပ်စု(A) အတွက် နိုင်ငံခြား၌နှင့် အုပ်စု(B)အတွက် နိုင်ငံခြား၌ သို့မဟုတ် ကျပ်၌ ဖြင့်လည်းကောင်း သတ်မှတ်ရောင်းချပေးခဲ့တာဖြစ်ပါတယ်။







ဒါ့အပြင် အုပ်စု(C)မှ ကျောက်စိမ်း အတွဲများကိုတော့ MSME လုပ်ငန်းရှင်များကို အားပေးမြှင့်တင်ရန်အတွက် ပြည်တွင်းရတနာကုန်သည်များသာ ဝယ်ယူခွင့်ရှိပြီး ကြမ်းခင်းစျေးကို ကျပ်ငွေဖြင့်သာ ရောင်းချပေးခဲ့တာ ဖြစ်တယ်လို့ သိရပါတယ်။

အဆိုပါ ပြပွဲအတွင်း စာရင်းပေးသွင်းထားရှိတဲ့ ပြည်တွင်းပြည်ပမှ ကျောက်မျက်လုပ်ငန်းရှင် ၄၅၀၀ ကျော် တက်ရောက်ခဲ့တယ်လို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီထံမှ သိရပါတယ်။

ကုန်ခဲ့တဲ့ ၂၀၂၃ ခုနှစ် နှစ်လယ် မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၂၀ ရက်မှ ၂၈ ရက်နေ့အထိ ၉ ရက်တိုင် ပြုလုပ်ခဲ့ရာမှာတော့ ပြပွဲအတွင်း ပုလဲအတွဲ ၃၀၀ ပြသရောင်းချရာမှာ အတွဲ ၃၀၀ တွဲ၊ ကျောက်မျက်အတွဲ ၁၆၀ အနက်မှ ၇၃ တွဲနှင့် ကျောက်စိမ်းအတွဲပေါင်း ၄၀၄၅ အနက် ၃၇၀၄ တွဲကို ရောင်းချနိုင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၉၁ ရာခိုင်နှုန်းကျော်ကို ရောင်းချနိုင်ခဲ့တယ်လို့ ပြပွဲဗဟိုကော်မတီမှ သိရပါတယ်။

မြန်မာနိုင်ငံမှာ မြန်မာ့ကျောက်မျက်ရတနာပြပွဲတွေကို ၁၉၆၄ ခုနှစ်မှ စတင်ပြီး ၂၀၂၄ ခုနှစ်အထိ ကျင်းပခဲ့ရာ နိုင်ငံခြားငွေနဲ့ရောင်းချခဲ့တဲ့ မြန်မာ့ကျောက်မျက်ရတနာပြပွဲပေါင်း ၁၀၀ ကျော်ကျင်းပခဲ့ပြီး ဖြစ်တယ်လို့လည်း သိရပါတယ်။











36 Months Installments

RiverFront Garden
YANGON CHIEF INTERNATIONAL COMMUNITY

"End-of-Year Special Offer"

Save 3000 Lakhs

+ Additional Benefits

အနာဂတ်အိပ်မက်ထဲကမိသားစုအိမ်လေးကို
လက်တွေ့အကောင်အထည်ဖော်နိုင်ပို့ ရွှေကျင်းအခွင့်အရေးကြီး

River Front Garden

Address : Seikkanthar Road (Nearby FMI City)
Hlaing Tharyar Township, Yangon.
Facebook : Riverfront Garden
TikTok : Riverfront Garden RFG

Hotline

(Myanmar)	(Chinese)
09-885228800	09-449999961
09-885226600	09-260005838
Riverfront Garden	Riverfront Garden RFG





